# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၈၈)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကာမိုင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

# ဖားကန့်မြို့နယ် မြေလွတ်မြေရိုင်းများ ဒေသဆန်မှုလုံရေး အကျိုးရှိရှိဖော်ထုတ် စိုက်ပျိုးနည်းစနစ် မှန်ကန်မှုရှိစေရေး တောင်သူများအား ပညာပေးသင်ကြား

**နေပြည်တော် ဇူလိုင် ၁၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဖားကန့်တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ချို၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ဖားကန့်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာသို့ ရောက်ရှိကြသည်။

**တက်ရောက်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ၌ ကျင်းပသည့် ဖားကန့်မြို့နယ်၏ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖားကန့်မြို့မှ ဌာနဆိုင်ရာများအား ခြံစည်းရိုး ကြက်ဆူပင်များကို ဝေငှပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ဖားကန့်မြို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား ခြံစည်းရိုး ကြက်ဆူပင်များ ဝေငှပေးအပ်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ●

## မိုးလေဝသ အခြေအနေ

၂၀-၇-၂၀၀၇

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ရွာမည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။

**မြန်မာ့အလင်း ဆောင်းပါး အညွှန်း**

## လွတ်လပ်တဲ့နိုင်ငံတစ်နိုင်ငံကို ဘယ်လိုပုံစံနဲ့ တည်ဆောက်မလဲ

လွတ်လပ်တဲ့နိုင်ငံတစ်နိုင်ငံကို ဘယ်လိုပုံစံနဲ့ တည်ဆောက်မလဲဆိုတာ အဲဒီနိုင်ငံက လွတ်လပ်တဲ့ ပြည်သူတွေက လွတ်လွတ်လပ်လပ် စဉ်းစားရွေးချယ်၊ ဆုံးဖြတ်၊ အကောင်အထည်ဖော်ကြရပါတယ်။ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ဆိုတာဟာ အချုပ်အခြာအာဏာပိုင်စိုးမှုကို ဆိုလိုတာပါပဲ။ အချုပ်အခြာအာဏာ (Sovereignty) ကို ကျင့်သုံးတဲ့အခါ နိုင်ငံတော်အာဏာ (State Power) သုံးရပ်ဖြစ်ပေါ်လာပါတယ်။ (၁) ဥပဒေပြုရေးအာဏာ (Legislative Power)၊ (၂) အုပ်ချုပ်ရေးအာဏာ(Administrative Power)၊ (၃) တရားစီရင်ရေးအာဏာ (Judicial Power) တို့ ဖြစ်ပါတယ်။

တက္ကသိုလ်မြတ်သူ၏ ဆောင်းပါးကို (စာ ၈-၉) တွင် ဖတ်ရှုနိုင်ပါသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

20-7 (01) 1 7/20/07, 2:04 AM

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၀ ရက်)

# လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် နောက်ဆုံးအကြိမ် အမျိုးသားညီလာခံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်းစီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။ မူဝါဒလမ်းစဉ် (၇)ရပ်တွင် အရေးအကြီးဆုံးဖြစ်ပြီး ပထမအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပ၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းဖော်ဆောင်ပေးလျက် ရှိသည်။

နိုင်ငံတစ်နိုင်ငံက ကျင့်သုံးသည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် လူမှုရေးစနစ်တို့ကို ထိန်းကျောင်းပေးသည့် ပင်မဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေပင် ဖြစ်သည်။ ခေတ်ဟောင်းစနစ်ဟောင်းတစ်ခုမှ ခေတ်သစ် စနစ်သစ်တစ်ခုသို့ ကူးပြောင်းရောက်ရှိနိုင်ရန် ခေတ်သစ်စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်မည့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မဖြစ်မနေ လိုအပ်သည်။

တပ်မတော်အစိုးရသည် ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းရေးကို အမျိုးသားရေးတာဝန်အဖြစ် တစိုက်မတ်မတ် ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။

၁၉၉၆ ခုနှစ်က ယာယီရပ်ဆိုင်းထားခဲ့ရသည့် အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ပြန်လည်ကျင်းပပေးခဲ့ပြီး ညီလာခံကိုယ်စားလှယ်များကိုယ်တိုင် အသေးစိတ်အခြေခံရမည့်မူများကို ကြိုးပမ်းညှိနှိုင်းချမှတ်ခဲ့၍ တစ်ဆင့်ပြီးတစ်ဆင့် ပြည့်စုံပြီးမြောက်လာခဲ့သည်။ ယခုအခါ ရာခိုင်နှုန်းပြည့် ပြီးမြောက်တော့မည့် အချိန်ကာလကို ရောက်ရှိလာပြီ ဖြစ်သည်။

၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၈ရက်နေ့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်စတင်ကျင်းပသည့် နောက်ဆုံးအကြိမ် အမျိုးသားညီလာခံကြီးတွင် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ယခင်တစ်ကြိမ်က ညီလာခံကိုယ်စားလှယ်များ အကြံပြုခဲ့သည့်အချက်များကို စုစည်းပြီး ပြန်လည်ဆွေးနွေးကာ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ညှိနှိုင်းတိုင်ပင် ချမှတ်သွားကြမည် ဖြစ်သည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို နှိုင်းချိန်ပြီး မိမိတို့၏ အတွေ့အကြုံ၊ ဗဟုသုတ၊ အတွေးအခေါ်အသီးသီးကို အားလုံး၏ သဘောတူညီမှုရသည်အထိ လွတ်လပ်ပွင့်လင်းစွာ ပေါင်းစပ်ဆွေးနွေး ညှိနှိုင်းတိုင်ပင်လျက် ရှိကြသည်။ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာစောင့်သိမှု၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာမှု၊ အမြော်အမြင် ကြီးမားမှုများကြောင့် ရရှိလာသည့် ရလဒ်များသည် နိုင်ငံတော်၏ သမိုင်းဝင်စာမျက်နှာများအဖြစ် မှတ်ကျောက်တင်နိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၇လမ်း အမှတ် ၆၆ မြေညီထပ်နေ ဒေါ်တင့်တင့်ကြည်၊ ဒေါ်ခင်သန်းတင့် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ဟိုပင်-မရမ်းလမ်းအပိုင်းရှိ လမ်းတံတားလုပ်ငန်းများ မိုးတွင်းကာလ ပြင်ဆင်ထိန်းသိမ်းထားရှိမှု အခြေအနေ

## ဝန်ကြီးဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်၁၆ရက် နံနက် ၈နာရီက မိုးညှင်းခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဟိုပင်-မရမ်းလမ်းအပိုင်းရှိ လမ်းတံတားလုပ်ငန်းများ မိုးတွင်းကာလ ပြင်ဆင်ထိန်းသိမ်းထားရှိမှု အခြေအနေကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။**

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် နန်းခွင်ချောင်း(၅) မိုင်တံတားသို့ ရောက်ရှိခဲ့ပြီး တံတား၏ ကြံ့ခိုင်မှု၊ ရေစီးရေလာ အခြေအနေနှင့် တံတားအသစ် တည်ဆောက်ရန် လျာထားသည့် တံတားအကြောင်း၊ လမ်းအကြောင်း အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၅) တာဝန်ခံ အင်ဂျင်နီယာ ဦးသက်လင်းက ရှင်းလင်းတင်ပြပြီး တံတားအင်ဂျင်နီယာမှူးကြီး ဦးစိန်မောင်က ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက ရေအမြင့်ဆုံးတက်သည့် ရေအမြင့်၊ ရေစီးရေလာအခြေအနေနှင့် လိုအပ်သည့် အကြံအင်ဂျင်နီယာလုပ်ငန်းများ စုစည်းဆောင်ရွက်ရန်၊ မြေစမ်းသပ်မှုများ လုပ်ဆောင်ရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိုးကောင်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မိုးတွင်းကာလ လမ်းပျက်စီးမှုများ ပြင်ဆင်လျက်ရှိသည့် မိုင် (၂၂၇/၇)သို့ ရောက်ရှိစစ်ဆေးရာ ကချင်ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းမှာ ပြည်နယ်ပြည်မ ဆက်သွယ်ပေးသည့် အဓိကပြည်ထောင်စုလမ်းမကြီးဖြစ်၍ လမ်းအဆင့်နိမ့်ကျမသွားအောင် တာဝန်ခံအင်ဂျင်နီယာများက စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန်၊ ပြုပြင်ရာတွင်လည်း ယခင်က ၁၃တန်ခံ လမ်းဒီဇိုင်းမှ အနည်းဆုံးတန်၄၀ခံ လမ်းများအဖြစ် စီမံချက်ချ၍ စက်ယာဉ်ယန္တရားများဖြင့် ထိထိရောက်ရောက် အသုံးချ ဆောင်ရွက်ရေးတို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၇-၂၀၀၇**
**(သောကြာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | "သဒ္ဓါတရား၏ တန်ဖိုးတရားတော်" (အပိုင်း-၁) (ဆရာတော်အရှင်ခေမိန္ဒ) |
| ၈း၀၅ | "အင်း" ငွေပန်းထိမ်ရဲ့ အငွေ့အသက် |
| ၈း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၅ | Myanmar Video Rhythm |
| ၉း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ | "တရားအားထုတ်သည်ဆိုရာဝယ်" ဒေါက်တာချစ်ငယ်(ဒဿန)Ph.D |
| ၁၀း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ | Yangon Panorama "မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့"၏ အသက်(၁၀၀)နှင့်အထက် အဘိုးအဘွားများပူဇော်ပွဲ |
| ၁၀း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | နို့ထွက်ပစ္စည်းထုတ်ကုန်မြင့်မားဖို့ ကြိုးစားကြပါစို့ |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | ညောင်စေ့အလှ (စမ်းစမ်းဝင်း၊ ဝင်းနိုင် (အနုပညာ)၊ သိမ့်သိမ့်တုန်၊ ဆုဝေလွင် ဒါရိုက်တာ-ဝေဠု (ဝဿန်) |
| ၁၁း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | လုပခဲ့ညား ရောင်စုံအမိုးပြား |
| ၁၁း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ | Basic Computer Learning for Beginner (Vol-16) Microsoft, Powerpoint |
| ၁၂း၀၅ | တေးဂီတအစီအစဉ် |
| ၁၂း၁၀ | အနုပညာရပ်ဝန်းမှ ရှင်ခုန်သံများ "တော်မဝင်ပါ....သို့သော်" |
| ၁၂း၄၀ | သစ်သီးပင် မျိုးပွားနည်းများ |
| ၁၂း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ ပုရိမဝါဆိုဝါကပ်တော်မူကြမည့် စာချစာသင်သံဃာတော်များနှင့် ပင့်သံဃာတော် အပါး၂၅၀အား ပရိယတ္တိသာသနပါလအသင်းက ကြီးမှူး၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို (၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ )ဇူလိုင်၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် အဘိဓေဆွမ်းစားကျောင်း ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

# ဝိုင်အမ်ဘီအေအသင်း ဝါဆိုသင်္ကန်း ဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၁၉**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)၏အဌမအကြိမ်မြောက်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ရက်(ဝါဆိုလပြည့်နေ့) (တနင်္ဂနွေနေ့)တွင် အသင်းတိုက်၌ ကျင်းပမည်ဖြစ်၍ လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာ တပ်ဦးကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဦးပညာသာရ (မဟာသဒ္ဓမ္မ ဇောတိကဓဇ) အမှူးပြုသော ဆရာတော်တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်မည်ဖြစ်ရာ ဆွမ်း၊ကွမ်းစရိတ် အပါအဝင် (စီဝိုင်စီ) သင်္ကန်းဒွိစုံတစ်စုံ လျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**





# ဒေသဝမ်းစာဖူလုံရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက် လယ်ယာသုံးစက်ကိရိယာများအသုံးပြုပြီး စက်မှုလယ်ယာကဏ္ဍ တိုးမြှင့်ဖော်ဆောင်

နေပြည်တော် ဇူလိုင် ၁၉

**ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၁၅ရက် နံနက်ပိုင်းက တနိုင်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၆ နာရီ ၁၅ မိနစ်တွင် မြစ်ကြီးနား-တနိုင်း-ပန်ဆောက်-လီဒိုလမ်း၊ တိမ်ကောက်ကျေးရွာအနီး၌ တနိုင်းတပ်နယ်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရော်ဘာဧက ၁၀၀၀ စိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြသည်။**

## ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များအား တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးက ရော်ဘာဧက ၁၀၀၀ စိုက်ပျိုးရေးစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ရော်ဘာပင်များ ရှင်သန်ဖြစ်ထွန်းမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တနိုင်းဒေသတွင် မြေလွတ်၊ မြေရိုင်းများ များစွာရှိပြီးဖြစ်ရာ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များက ရှိပြီးသား မြေအရင်းအမြစ်များကိုအသုံးချ၍ စိုက်ပျိုးရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးတက်စေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တနိုင်းတပ်နယ်မှ စိုက်ပျိုးထားသော ရော်ဘာပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပန်ဆောင်-တနိုင်း-မြစ်ကြီးနား-လီဒိုလမ်းတစ်လျှောက် တနိုင်းမြို့နယ်၏ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး ထွက်ခွာခဲ့ကြရာ တနိုင်းမြို့နယ် တိမ်ကောက်ရွာရှိဒေသခံ တိုင်းရင်းသားလုပ်ငန်းရှင် ဦးမြဟန်၏ ခြံစည်းရိုးကြက်ဆူ ဧက ၁၀၀ စိုက်ခင်းသို့ ရောက်ရှိကြပြီး အောင်မြင်ဖြစ်ထွန်းနေသောကြက်ဆူစိုက်ခင်းများကိုကြည့်ရှုစစ်ဆေး အားပေးသည်။ **(အပေါ်ပုံ)**

အဆိုပါခြံ၌ ခြံစည်းရိုးကြက်ဆူ ဧက၁၀၀တွင်ကွမ်းသီးတစ်ဧက၊ တညင်းဧက ၆၀၊ ကြံ ၂၅ဧကတို့ကိုပါ စိုက်ပျိုးထားရှိလျက် ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ရှုဒ္ဓတ် ကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တစ်ပိုင်တစ်နိုင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံ ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တပ်ဖွဲ့ဝင် အမျိုးသမီး ရဲမေများအား အဝတ်အထည်များကို လက်ဆောင်ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ ဒွန်ဘန်ကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများကို တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး၊ ဒေသခံပြည်သူများနှင့်အတူ ကျေးလက်ဒေသလုပ်ငန်းစဉ်(၅)ရပ်အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားကာအရာရှိ၊စစ်သည် မိသားစုဝင်များအတွက် အဝတ်အထည်များ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒွန်ဘန်ကျေးရွာအနီးရှိ ဒွန်ဘန်တံတားသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒွန်ဘန်တံတားတည်ဆောက်ရေး ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဒွန်ဘန်ကျေးရွာရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန၊ အမျိုးသမီး အိမ်တွင်းမှုအသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ အခြေခံစက်ချုပ်သင်တန်း တက်ရောက်နေကြသော နယ်စပ်ဒေသ မြို့နယ်အသီးသီးမှ တိုင်းရင်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ တိုင်းမှူးက အဝတ် အထည်လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

## ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က သင်တန်းသား၊ သင်တန်းသူများအား ထောက်ပံ့ငွေကျပ်သုံးသိန်းကို သင်တန်းကျောင်း ကျောင်းအုပ်ဒေါ်သန်းသန်းမော်ထံ ပေးအပ်သည်။

## မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ သည်မိုးကောင်းမြို့နယ် တနိုင်း-မြစ်ကြီးနား ကားလမ်း မိုင်တိုင်၃၈/ဝရှိဆီးဒီးယံ၊ လွယ်လီယံ ရော်ဘာစိုက်ခင်းသို့ရောက်ရှိကြရာ မိုးကောင်းမြို့နယ် မြေစာရင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးတင်ထွန်းက မြို့နယ်၏ ရော်ဘာစိုက်ပျိုးမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များ သည် ဒေသခံတိုင်းရင်းသား လုပ်ငန်းရှင် ဦးမရမ်ဇော်ဘောက်၏ ရော်ဘာနှင့် အခြားနှစ်ရှည်သီးနှံစိုက်ပျိုးရေးစီမံကိန်း၊ ဆီးဒီးယံကွင်း ဦးပိုင်အမှတ် ၁၁၄တွင် စိုက်ပျိုး ဖြစ်ထွန်းလျက်ရှိသော ရော်ဘာနှင့် နှစ်ရှည်သီးနှံပင်များအား ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် ဒေသခံတိုင်းရင်းသား လုပ်ငန်းရှင် ဦးမောင်အိုက်၏ ရော်ဘာနှင့် သစ်သီး ဥယျာဉ်ခြံ၊ လွယ်လီယံကွင်း ဦးပိုင်အမှတ် ၁၁၃ သို့ရောက်ရှိပြီး အောင်မြင်ဖြစ်ထွန်းနေသော ရော်ဘာပင်များကို ကြည့်ရှုကြသည်။

## စိုက်ပျိုးခဲ့

မိုးကောင်းမြို့နယ်တွင် ရော်ဘာကို ဆောင်းခါ၊ လွယ်လီယံ၊ ဆီးဒီးယံ၊ တောင်နီ၊ ဆားမော်၊ ညောင်ကုန်း၊ နန်းခမ်း-လမ်းခွ၊ ညောင်တော၊ မရမ်း၊ မံရွှတ်၊ နမ္မတီး၊ နမ့်ဟိုင် ကျေးရွာတို့၌ စီမံချက်ချမှတ်၍ စိုက်ပျိုးလျက်ရှိရာ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၆၇၆ဧက နှင့် ၂၀၀၇-၂၀၀၈ခုနှစ်တွင် ၂၁၇ဧက စုစုပေါင်း ၈၉၃ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များ သည် မိုးကောင်းမြို့နယ် ကံလှရွာသို့ ရောက်ရှိကြပြီး မြစ်ကြီးနား-မိုးကောင်း-ကာမိုင်း- လုံးခင်း- ဖားကန့်လမ်း အတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ ဖားကန့်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ည ၇နာရီခွဲတွင် ဖားကန့်မြို့ ဥရုရတနာခန်းမ၌ ဖားကန့်မြို့နယ်မှ ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဖားကန့်မြို့နယ်ဥက္ကဋ္ဌ ဦးလွမ်းမိုးဟန်က ဖားကန့်မြို့နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများ အခြေအနေ၊ မြေအသုံးချမှုအခြေအနေ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါး ၁၉၃၈၇ ဧက၊ နွေစပါး ၂၂၈ ဧက စိုက်ပျိုးနိုင်ခဲ့မှု အခြေအနေ၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ၂၉၃၈၇ ဧက စိုက်ပျိုးရန် လျာထားရာ ၅၉၈၇ ဧက စိုက်ပျိုးပြီးစီးခဲ့မှု အခြေအနေ၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး အခြေအနေများနှင့်ကျေးလက်ဒေသ လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြည့်စွက် ရှင်းလင်း တင်ပြကြသည်။

## အရှိန်အဟုန်မပျက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဖားကန့်ဒေသ၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးကူညီပေးရန်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိ ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဒေသခံ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ပိုမိုတိုးတက် အောင်မြင်အောင် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဒေသဝမ်းစာဖူလုံရေးနှင့် နိုင်ငံတော်က သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ကောက်ကွက်ပြည့်မီအောင်စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ဓာတ်မြေဩဇာ၊ သဘာဝ မြေဩဇာများသုံးစွဲရေး၊ လယ်ယာသုံး စက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းဖြင့် စက်မှုလယ်ယာကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း၊ ယခုအခါ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့်အတူ လမ်းပန်းဆက်သွယ်ရေးလည်း တိုးတက်ကောင်းမွန်လာသည့်အားလျော်စွာ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီး တို့လည်း ယခင်ကထက်တိုးတက်မြင့်မား လာပြီဖြစ်ရာ ယင်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများကို အရှိန်အဟုန် မပျက် ဆက်လက်ထိန်းသိမ်းမြှင့်တင် သွားရန် မှာကြားသည်။

## ပြန်လည်ပေးအပ်

ယင်းနောက် သိရေမဏိကုမ္ပဏီမှ ဒါရိုက်တာ ဦးရဲကျော်မိုးက ကျောက်စိမ်းလုပ်ငန်းများနှင့် ဝန်ထမ်းများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်အဆိုပြုလွှာစောင်ရေ၁၅၀၀ကို ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရာဝမ်ဂျူထံ ပေးအပ်ရာ ပြည်နယ် အသင်း အတွင်းရေးမှူးက အသင်းဝင်အသိအမှတ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောင်းသုံး ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝတ်စုံများကို မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းသိန်းထွန်းအား ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ကချင်ပြည်နယ် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က မြို့နယ်လူမှုရေးအသင်းအဖွဲ့များအား အိတ်ဆောင်မှတ်တမ်း စာအုပ်များကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့ ဥရုရတနာရိပ်သာသို့ ရောက်ရှိကြပြီး ညအိပ် ရပ်နားကြသည်။ **(သတင်းစဉ်)**





# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဆင့်ပွားသင်တန်း မရမ်းကုန်း၌ဖွင့်

**ရန်ကုန် ဇူလိုင် ၁၉**

မရမ်းကုန်းမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အဆိုပါသင်တန်းသို့ ရပ်ကွက်အသီးသီးမှမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် ဆယ်အိမ်စုမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း အသီးသီးမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် လူမှုရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

သင်တန်းတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်း**(အပေါ်ပုံ)** မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမာ၊ မြို့နယ်ပညာရေးမှူး ဦးရှိန်းလိန်းအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ချိုချိုလွင်၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ထူးနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မင်းဟန်တို့က အသီးသီးဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **(က-ပ)**

● ရှေ့ဖုံးမှ

## ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ခြံစည်းရိုး ကြက်ဆူပင်များကို စိုက် ပျိုးပေးကြပြီး ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှု ကိုလှည့်လည်ကြည့်ရှုအားပေးကြသည်။

ဖားကန့်မြို့နယ်၌ ခြံစည်းရိုး ကြက်ဆူ၂၀၀၆–၂၀၀၇ခုနှစ်နှင့် ၂၀၀၇– ၂၀၀၈ခုနှစ်တို့တွင် ဧက ၂၃၀၀၀စိုက်ပျိုး ရန် သတ်မှတ်ထားရာ ၁၃၆၁၂ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင် များသည် ဖားကန့်–မြစ်ကြီးနား ကား လမ်းဘေးဝဲ၊ ယာတစ်လျှောက် မိုးစပါး စိုက်ပျိုးထားရှိမှုကို မော်တော်ယာဉ် များဖြင့် ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ ကြရာ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ အုပ်စုလယ်ပြင်ကျေးရွာ၌ ကျင်းပသည့် မိုးစပါးစုပေါင်း ထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

## တက်ရောက်

အဆိုပါ မိုးစပါး စုပေါင်းထွန်ယက် စိုက်ပျိုးပွဲ အခမ်းအနားသို့ ဖားကန့် မြို့နယ်နှင့် အနီးပတ်ဝန်းကျင် ကျေး ရွာများဖြစ်ကြသည့် လုံးခင်း၊ နမ္မဖြစ်၊ လယ်ပြင်၊ မော်စီစာ၊ ကုဋ္ဌေ၊ ဆန်ခါနှင့် ဖဝါအစရှိသည့် ကျေးရွာများမှ ဒေသခံ တိုင်းရင်းသား တောင်သူများကလည်း ကောက်စိုက်နည်းစနစ်များကို လာ ရောက်ကြည့်ရှုလေ့လာ တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ ဖားကန့်မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်က ဖားကန့်မြို့နယ် လယ်ပြင်ကျေးရွာ၌ မိုးစပါး၅၄၆ ဧက ရှိသည့်အနက် ၁၂၉ ဧက စိုက်ပျိုးပြီးစီး ခဲ့မှု အခြေအနေ၊ ကျွန်း ၃၁၇ ဧကကို ထယ်တိုးခြင်း လုပ်ငန်းများ၊ ထွန်မွှေ ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မြို့နယ်အတွင်းရှိ မြေလွတ် မြေရိုင်းများကို ဒေသဆန်ပိုလျှံရေး အတွက် အကျိုးရှိရှိ ဖော်ထုတ်စိုက်ပျိုး ကြရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန် စေရန် တောင်သူများအား ပညာပေး သင်ကြားပေးရေး၊ လယ်ယာလုပ်ငန်း ခွင်သုံး စက်ယန္တရားများ သုံးစွဲရေး၊ အထွက်ကောင်းမျိုးများ သုံးစွဲရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ များ အသုံးပြုရေး မှာကြားသည်။

## ဝင်ရောက်ယှဉ်ပြိုင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် မြေပြုပြင်ထွန်ယက်နေမှုကိုလည်း ကောင်း၊ ကောက်စိုက်အဖွဲ့များ၏ ကောက်စိုက်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင် နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လယ်ပြင်ကျေးရွာမှ လူမှုရေး အသင်း အဖွဲ့ဝင်များအား အဝတ် အထည်များ ဂုဏ်ပြုပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး ကချင် ပြည်နယ်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်တို့က မိုးစပါးစုပေါင်းထွန်ယက် စိုက်ပျိုးပွဲ အခမ်းအနားသို့တက်ရောက် လာကြသည့် လယ်ပြင်ကျေးရွာမှ လူမှု ရေးအသင်းအဖွဲ့ဝင်များနှင့်ကောက်စိုက် ပြိုင်ပွဲဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အဝတ် အထည်များ ဂုဏ်ပြုပေးအပ်ကြသည်။

ဖားကန့်မြို့နယ်၌ ၂၀၀၆–၂၀၀၇ ခုနှစ်၌ မိုးစပါး ၁၉၃၈၇ ဧက၊ နွေစပါး ၂၂၈ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇–၂၀၀၈ ခုနှစ်တွင် မိုးစပါး၂၅၆၁၃ဧက စိုက်ပျိုး ရန် လျာထားခဲ့ပြီး ယနေ့အထိ ၂၀၇၉ ဧက စိုက်ပျိုးခဲ့ပြီး ဖြစ်ကြောင်း သိရှိရ သည်။

## ပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များ သည် ဖားကန့်–မိုးကောင်း ကားလမ်း အတိုင်း ပြန်လည်ထွက်ခွာခဲ့ကြရာ ကာမိုင်းမြို့နယ် နန့်ယားကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေခံ တပ်နယ်မှ အရာရှိ၊ စစ်သည် အိမ်ထောင်စုဝင် မိသားစုများအတွက် အဝတ်အထည် များကို ပေးအပ်ပြီး ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း တူညီဝတ်စုံများ၊ အိတ်ဆောင်ကတ်ပြားများနှင့် စာအုပ် များကို ကျေးရွာအသင်း စည်းရုံးရေးမှူး ထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင် များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၀ နာရီတွင် မိုးညှင်းခရိုင် ကာမိုင်းမြို့နယ် သို့ ရောက်ရှိကြပြီး ကာမိုင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြား သည်။

ရှေးဦးစွာ ကာမိုင်းမြို့ အထွေ ထွေ အုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးလှ မျိုးထွန်းက မြို့ အုပ်ချုပ်ရေး၊ စီးပွား ရေး၊ လူမှုရေး အခြေအနေ၊ ၂၀၀၆– ၂၀၀၇ခုနှစ် မိုးစပါးရာသီတွင် ၁၅၀၇၆ ဧက စိုက်ပျိုးနိုင်ခဲ့မှုနှင့် စပါးထွက် ရှိမှုအခြေအနေ၊ ၂၀၀၇–၂၀၀၈ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ၂၅၆၁၃ ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထား ရာ ၁၄၁၃၅ ဧက ပျိုးထောင်ပြီးစီး မှုနှင့် ၂၄၁၄ ဧက စိုက်ပျိုးပြီးစီးမှုအခြေ အနေ၊မြို့နယ်၏စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ် ကဏ္ဍတို့နှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များက မိမိတို့နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြ သည်။




**ဦးအောင်မြင့်ကျော်–ဒေါက်တာဒေါ်မွန်မွန်မြင့်စံ မိသားစုက ဗဟန်း မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်နှင့် မျက်စိကု လေဆာစက်အတွက် အလှူငွေကျပ် ၃၅၀၀၀၀ လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။** (က–ပ)

# ရွှေဘုန်းပွင့်စေတီတော်
# ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၉

**ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီး၏သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် စေတီတော်ဝင်းအတွင်း ကျောင်းတိုက်များ၌ ဝါဆို ဝါကပ်တော်မူကြမည့် သံဃာတော်တို့အား ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၂၉ရက်) တနင်္ဂနွေနေ့တွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ အကြိမ်(၅၀)မြောက် ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်းမည် ဖြစ်သည်။**

ဆက်ကပ်လှူဒါန်းနိုင်

**အလှူရှင်များ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဂေါပကအဖွဲ့ ဖုန်း–၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်း ရရှိသည်။**

(သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်က ကာမိုင်းမြို့နယ် ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ပေးခဲ့မှုကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ကာမိုင်းမြို့နယ်၏ ဆက် သွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း ၍လည်းကောင်း ဖြည့်စွက် ရှင်းလင်း တင်ပြကြသည်။

## ပူးပေါင်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် မြို့နယ် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင် ရာတာဝန်ခံများအနေဖြင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ထိထိရောက် ရောက်၊ ဖိဖိစီးစီး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများနှင့် အတူဒေသ၏ စိုက်ပျိုးရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍ အသီးသီးတို့ ယခင်ထက်ပိုမိုဖွံ့ဖြိုးတိုး တက်လာစေရေးတို့အတွက်စနစ်တကျ ဝိုင်းဝန်း ပူးပေါင်းကြိုးပမ်းဆောင်ရွက် သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က သတ်မှတ်ပေးထား သည့် အဓိကသီးနှံများ ပန်းတိုင် အထွက်နှုန်းပြည့်မီရေးနှင့် ဒေသဝမ်း စာဖူလုံပိုလျှံရေးတို့အတွက် နွေစပါး၊ မိုးစပါး အပါအဝင် ဆီထွက်သီးနှံများ၊ နှစ်ရှည်သီးနှံများကို ဒေသနှင့်ကိုက်ညီ သော မျိုးကောင်းမျိုးသန့်များ ရွေးချယ် ကာ စိုက်နည်းစနစ် မှန်ကန်စွာဖြင့် တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ဧကတိုးတက် ရရှိရေး၊ နှစ်ရှည်ပင် ရော်ဘာအပြင် ခြံစည်းရိုးကြက်ဆူတို့ကို သတ်မှတ် ဧကထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရေးတို့အတွက် ဌာနဆိုင်ရာ များက ဒေသခံတိုင်းရင်းသားတောင်သူ များအား လိုအပ်သည်များ ပံ့ပိုးကူညီ ဖြည့်ဆည်း ဆောင်ရွက်သွားကြမည်ဖြစ် ကြောင်း၊ အထူးသဖြင့် မိမိဒေသ တိုးတက်ရေးအတွက် မိမိတို့အားလုံး တွင်တာဝန်ရှိသည်ဟုခံယူလျက် ကျရာ အခန်းကဏ္ဍမှ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း တူညီဝတ်စုံ များနှင့် အိတ်ဆောင်ကတ်ပြားများကို မြို့နယ်အသင်းသို့ပေးအပ်သည်။ ဆက် လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က လူမှုရေး အသင်းအဖွဲ့ဝင်များအား အဝတ်အထည်များ ပေးအပ်လှူဒါန်းပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီး တို့သည် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင် များသည် ကာမိုင်းမြို့နယ် ပြည်သူ့ ဆေးရုံသို့ ရောက်ရှိကြရာ တာဝန်ခံ ဆရာဝန်ဒေါက်တာမင်းဌေးက ဆေးရုံ ၏ ဆေးဝါးကုသမှုအခြေအနေ၊ဆေးရုံ သုံးပစ္စည်း လိုအပ်ချက်နှင့်တာဝန်ထမ်း ဆောင်နေကြသောကျန်းမာရေးဝန်ထမ်း များ အခြေအနေကို ရှင်းလင်းတင်ပြ ကြရာ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာတင်မင်း က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

## လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကာမိုင်း မြို့နယ် ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ လူနာများ ဆေးရုံ တက်ရောက်ကုသနေမှုများကို လှည့် လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအား လိုအပ်သည်များမှာကြား သည်။

## လက်ခံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဆေးရုံ ဓာတ်မှန်ဆောင် ဆောက်လုပ်ရန် မြေနေရာ ရွေးချယ် သတ်မှတ်ပေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆေးရုံ ဝန်ထမ်းများအတွက် အဝတ်အထည် များကိုလည်းကောင်း၊ တိုင်းမှူးက ကာမိုင်း ပြည်သူ့ဆေးရုံအတွက် ဓာတ်မှန်ဆောင် ဆောက်လုပ်ရန် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ရာ တာဝန်ခံဆရာဝန်နှင့် သူနာပြုများက လက်ခံကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင် များသည် ကာမိုင်း–မိုးကောင်း–ဟိုပင် လမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ ကြ၍ လမ်းတစ်လျှောက် ရော်ဘာ စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေများ ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှု စစ်ဆေးပြီး ညနေပိုင်းတွင် မိုးညှင်း မြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နား သည်။ **(သတင်းစဉ်)**

# မြဝတီရုပ်မြင်သံကြား

၂၀–၇–၂၀၀၇ (သောကြာနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅း၃၅ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၅ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၄၀ | ၁၂။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆း၄၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း–၁၄) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကံမရောက်** (အပိုင်း–၇) |

# ပျိုးသည့်ပန်းများ ပွင့်တော့မည်

❈ ပုန်းညက်ဖြာလျက်
မိုးကန့်လန့်ကာ ပွင့်ခဲ့ပါပြီ။

❈ ဝသန္တဝယ်၊ မြရည်ခြယ်ဆမ်း
ညောင်နှစ်ပင်စခန်းမှာ၊ ပန်းမျိုးတစ်ရာ
ကြွယ်စွာရောင်သွေး၊ ပျံ့မွှေးဖူးပွင့်
မြူးစွင့်ကြသည်၊ ထူးတင့်လှပ၊ ညီညာစွတည့်။

❈ ဝင့်ကြွားခံ့ထည်၊ ပြည်ထောင်စုခန်းမ
ချမ်းမြသူ့ရှေ့၊ တဝေ့ဝေ့ရောင်လျှံ
ပြည်နယ်တိုင်းအလံတွေ၊ တဝေဝေနှင့်
အခြေခံဥပဒေ၊ ငါတို့ပြည်အတွက်
စိုပြည်မိုးဆမ်း၊ ပန်းများပမာ
ဖူးပွင့်လာခွင့်၊ မကြာမြင့်တော့
ပန်ခွင့်ညီတူ၊ ရွှေပြည်သူတို့
ကြည်ဖြူလှမ်းလင့်ကြိုနေပြီ။

❈ မိုးအမှုန်မောင်၊
ပြည်ထောင်တစ်ဝန်း၊ အနံ့ဖျန်းရှာ
အေးမြသာအောင်၊ လက်ဆောင်ဆက်နှင်း
ဒို့တိုင်းရင်းသား၊ ညီနောင်များသည်
ကိုယ့်ပြည်နိုင်ငံ၊ အခြေခံဥပဒေ
ပေါ်ပေါက်စေရန်၊ ရည်သန်ကြိုးပမ်း
တစ်ဝမ်းတစ်စိတ်၊ အေးနိမိတ်ဖြင့်
အဓိဋ္ဌာန်များ ပြည့်တော့မည်။

❈ ခေတ်မီဖွံ့ဖြိုး၊ နိုင်ငံအကျိုးတွက်
တွဲယှက်လက်ချင်း၊ ညီညာခြင်းဖြင့်
တိုင်းရင်းသားညီနောင်၊ မောင်နှမများ
ချစ်အားသန်သန်၊ စစ်မှန်မျိုးချစ်စိတ်
အထွတ်ထိပ်ဖြင့်၊ အေးရိပ်ဆာယာ
ပြည်မြန်မာ၏၊ ညီညာခြင်းကေန်
ဥယျာဉ်ခြံကို၊ ဝန်းရံလက်တွဲ
အမြဲထာဝရ၊ လှပဝေဆာ
သာယာစေအောင်၊ ရည်စောင်ပြုစုထိန်းသိမ်းစို့။ ။

**ဦးအောင်မွန် (မဟာဝိဇ္ဇာ)**

# မော်လမြိုင် စွန်းလွန်းဂူဓမ္မအေးရိပ်သာကျောင်းတိုက် ခုနစ်ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၁၉**

မော်လမြိုင်မြို့ မြိုင်သာယာရပ် စွန်းလွန်းဂူ ဓမ္မအေးရိပ်သာကျောင်း တိုက်ကြီးအတွင်း၌ ရေးမြို့နယ် အစင် ကျေးရွာဓမ္မဃောသက ကျောင်းတိုက်၊ မော်လမြိုင်မြို့ စွန်းလွန်းဂူ ဓမ္မအေး ရိပ်သာ ကျောင်းတိုက်၊ ဇင်းကျိုက်စွန်း လွန်းဂူ ဓမ္မအေးရိပ်သာကျောင်းတိုက် ကြီးတို့၏ ဦးစီးပဓာနနာယက ဆရာ တော် ဘဒ္ဒန္တ တိလောက (သဒ္ဓမ္မ ဇောတိကဓဇ)အား အမှူးထား၍ ကျောင်းရှိ သံဃာတော် အရှင်မြတ် တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ပူဇော်ခြင်းကို ဒုတိယဝါဆိုလဆန်း ၈ရက် (ဇူလိုင် ၂၂ရက်) တနင်္ဂနွေနေ့ တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလို သူ စေတနာရှင်များ ကျောင်းတိုက် ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

**(က–ပ)**

# အရှင်ပဏ္ဍိတ ဝါတွင်းတရားပွဲများ

**ရန်ကုန် ဇူလိုင် ၁၉**

(ပတ္တမြား) ဆရာတော်ကြီးအား ဦးထိပ်ထားလျက် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ကြီး၏ ဥပနိဿယအတိုင်း သာကေတ မြို့နယ် ဟင်္သာတစာသင်တိုက်၌ ၁၃၆၉ ခု ဒုတိယဝါဆိုလပြည့်နေ့မှ သီတင်း ကျွတ်လပြည့်နေ့အထိ ဝါတွင်းဥပုသ် နေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ အရှင်ပဏ္ဍိတ (ဓမ္မာစရိယ) အတွင်း ပတ္တမြား(မိုးကုတ်) စာချဓမ္မ ကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် က ပဋိစ္စသမုပ္ပါဒ်တရားနှင့် သစ္စာ တရားများ ဟောကြားပြသမည်ဟု သိရ သည်။ **(က–ပ)**



# ဒေသနှင့်ကိုက်ညီမည့် အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုး စိုက်ပျိုးရေးလုပ်ငန်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၉

**ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ မိုးစပါး ပန်းတိုင်အထွက်နှုန်းလယ်မြေများ စုပေါင်းကောက်စိုက်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ဘားအံမြို့နယ်၌ ရော်ဘာပင်ကြား မိုးမြေပဲစိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းနှင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

## တက်ရောက်အားပေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ချောင်းတောင်ကျေးရွာ၌ ကျင်းပသော ကော့ကရိတ်ခရိုင်၏ ပန်းတိုင်အထွက်နှုန်းလယ်များ စုပေါင်းကောက်စိုက်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ အခမ်းအနား၌ ကော့ကရိတ်ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမင်းစိန်ထွန်းက ကော့ကရိတ်ခရိုင်၏ ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါး ၁၇၉၈၇၅ ဧက၊ နွေစပါး ၄၈၉၅၇ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် မိုးစပါးဧက ၁၇၈၅၉၀ စိုက်ပျိုးရန် လျာထားမှုအခြေအနေ၊ တစ်ဧကအထွက်နှုန်း မြင့်မားရေးအတွက် မျိုးပြောင်းလဲခြင်း၊ မျိုးသန့်ဇုန် သတ်မှတ်စိုက်ပျိုးခြင်း၊ ပန်းတိုင်အထွက်နှုန်း ဧရိယာသတ်မှတ်စိုက်ပျိုးခြင်းနှင့် မြေသားပြုပြင်ခြင်းတို့ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မျိုးသန့်ဇုန် လျာထားဧက၁၄၀တွင် ဆင်းသွယ်လတ် စပါးမျိုးကို စိုက်ပျိုးသွားမည့်အခြေအနေ၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဆင်းသွယ်လတ်စပါးမျိုးကို ခရိုင်အနေဖြင့် ဧက ၅၈၀၀၀ အထိ စိုက်ပျိုးသွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

## ရွေးချယ်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စပါးကို ဒေသဆန်ဖူလုံရုံမျှသာမက ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရေး၊ အထွက်နှုန်းကောင်းသော ဆင်းသွယ်လတ်မျိုးကို စိုက်ပျိုးခြင်းဖြင့် တစ်ဦးချင်းဝင်ငွေ တိုးတက်အောင် လုပ်ဆောင်ရေး၊ အထွက်နှုန်းကောင်းမျိုးကိုရွေးချယ်ရာတွင် ဒေသ၏ မြေ၊ ရေ၊ ရာသီဥတုနှင့် ကိုက်ညီမည့်မျိုးကိုရွေးချယ်၍ အမျိုးအစားများပြားစွာမစိုက်ဘဲ တစ်မျိုးကောင်း၊ နှစ်မျိုးကောင်းစသည်ဖြင့်သာ ရွေးချယ်စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ စုပေါင်းကောက်စိုက်ပွဲ အခမ်းအနားကိုကျင်းပရာ ကော့ကရိတ်မြို့နယ် အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ လှိုင်ဝ၊ ကျုံဒိုး၊ ရေပူကြီး၊ တစ်မိုင်ကုန်း၊ ကမ်းနီနှင့် ချောင်းတောင်ကျေးရွာတို့မှ ကောက်စိုက်လုံမေများက သတ်မှတ်လယ်ကွက်များ၌ ဆင်းသွယ်လတ်ပျိုးပင်များကို အဖွဲ့လိုက်စုပေါင်း ကောက်စိုက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းတို့သည် ကောက်စိုက်လုံမေအဖွဲ့များအား ဂုဏ်ပြုဆုများကို ပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခင်းကျင်းပြသထားသောစိုက်ပျိုးရေးပညာပေးပြခန်းနှင့်စက်မှုလယ်ယာဦးစီးဌာနက ပြသထားသော လယ်ယာ(၁၆)နှင့်လယ်ယာ(၂၂)လယ်ယာသုံးယာဉ်နှင့် စက်ပစ္စည်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။**(အပေါ်ပုံ)**

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့နယ် နောင်ပတုပ်ကျေးရွာအနီးရှိ တောင်သူဦးမိုးမင်း၏ ရော်ဘာပင်ကြား မိုးမြေပဲစိုက်ခင်း ၁၅ ဧကကွင်းသို့ရောက်ရှိကြရာ ဘားအံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဒေါ်သန်းရီက ယခုမိုးမြေပဲစိုက်ခင်းတွင် တောင်သူ ၇၅ ဦး၏ စုစုပေါင်း ၁၆၂ ဧကတွင် အက်စ်ပီအိုင် ၂၁ ဒေသအခေါ်(ဂျပန်လေး) မိုးမြေပဲကို စိုက်ပျိုးထားရှိမှု တစ်ဧကလျှင် မြေပဲတင်း ၆၀ ထွက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## အစားထိုးစိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရော်ဘာစိုက်ခြံများရှိ ပင်ကြားမြေများတွင် ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်သူများအား လုပ်ကိုင်ခွင့်ပြုရေး၊ တန်ဖိုးမရှိသော သဘာဝတောများကို ရော်ဘာတောများဖြင့် အစားထိုးရေး၊ ရော်ဘာစိုက်ပျိုးနိုင်သူများအား နေရာသတ်မှတ် လုပ်ကိုင်ခွင့်ပြုရေး၊ မြေပဲကို ဆီထွက်နှုန်းကောင်းမွန်သော၊ ဆင်းပဒေသာ (၇)ကဲ့သို့သော မျိုးများဖြင့် အစားထိုး စိုက်ပျိုးရေး၊ မြေသြဇာအသုံးပြုရာတွင် ကုန်ကျစရိတ်သက်သာ၍ လွယ်ကူစွာ ရရှိနိုင်သော သဘာဝမြေသြဇာများကိုသာ အသုံးချသွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သမ္မာအာဇီဝဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းဖြင့် မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

## ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့နယ် ဘားကပ်စံပြကျေးရွာ သံလွင်မြစ်ကမ်းရှိ ဘားအံမြို့နယ် ခြံစည်းရိုးကြက်ဆူပင် ၁၀ ဧက စိုက်ခင်းသို့ ရောက်ရှိကြရာ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဒေါ်သန်းရီနှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင်ခြံမှ ထွက်ရှိသော ခြံစည်းရိုးကြက်ဆူသီးများ အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကို လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ခြံစည်းရိုးကြက်ဆူပင်များမှ ကိုင်းနှင့်အသီးများကို ဒေသအထွက်မျိုးအဖြစ်ထုတ်ယူရေး၊ အသီးလှိုင်လှိုင်သီးပွင့်ပါက ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့နယ် ဘားကပ်စံပြကျေးရွာအနီးရှိ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)သို့ ရောက်ရှိကြရာ ရုံးခန်းမ၌ ကျောင်းအုပ်ကြီး ဒေါ်သင်းသင်းထိုက်နှင့် တာဝန်ရှိသူများက ကွန်ပျူတာတက္ကသိုလ်(ဘားအံ)နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြကြသည်။

## အလေးထားဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ကျောင်းရှေ့မျက်နှာစာ၌ အရိပ်ရပင်များ၊ အလှစိုက်ပန်းပင်များကို စနစ်တကျ စိုက်ပျိုးရေး၊ မြေလွတ်မြေလပ်များ၌ ရာသီသီးနှံ၊ စားဖိုဆောင်သီးနှံများကို စိုက်ပျိုးထားရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများအား နေ့စဉ် တိုးတက်ဖြစ်ပေါ်နေသော ကွန်ပျူတာဆိုင်ရာ ပညာရပ်များကို မျက်ခြည်ပြတ်မခံ လေ့လာဆည်းပူးကြပြီး မိမိတို့၏ ကျောင်းသား ကျောင်းသူများအား ကျွမ်းကျင်တတ်မြောက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာအောင်၊ လောကနီတိ မင်္ဂလာတရားတို့မှ ကိုယ်ကျင့်နီတိများကို လိုက်နာကျင့်သုံးတတ်အောင်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ထက်သန်၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်တတ်သော လူချွန်၊ လူမွန်များ ဖြစ်အောင် လေ့ကျင့်ပြုစုသင်ကြားပေးရေး၊ ငြိမ်းချမ်းစွာ ပညာသင်ကြားမှုကို ထိပါးနှောင့်ယှက်သော အဖျက်အန္တရာယ်များမှ ကာကွယ်တားဆီးရေး၊ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ မိဘပြည်သူများနှင့် လက်တွဲ၍ နိုင်ငံတော်၏ ပညာရေးကဏ္ဍ မြင့်မားရေးတို့ကို အလေးထား ဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)မှဆရာ ဆရာမများအား သစ်သီးခြင်းလက်ဆောင်ကိုပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက် အလှူငွေလက်ခံ

ရန်ကုန် ဇူလိုင် ၁၉

**ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ပဥ္စမအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်မုခ်ရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တက်ရောက်၍ အလှူတော်ငွေများကို လက်ခံသည်။**

## ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဝန်ကြီးနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် အရှင်နန္ဒသိရီက ပြင်သစ်ကျောင်းတော်ကြီးနှင့် ပတ်သက်၍ ရှင်းလင်း လျှောက်ထားပြီး ဝန်ကြီးနှင့် ပရိသတ်များက ဆရာတော်များအား လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အလှူရှင် ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့မိသားစုနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး မိသားစုတို့က အလှူငွေကျပ်လေးသိန်းစီ၊ တောင်ဥက္ကလာပမြို့နယ် သဘာဝမုန့်ဟင်းခါးဖိုက ငွေကျပ် ၃၂ သိန်း၊ ဦးကိုကိုထွေး-သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း(တော်ဝင်ကုမ္ပဏီ)က အလှူငွေကျပ် ၂၆ သိန်း၊ ဒေါ်ခင်ထားလတ်က ငွေကျပ် ၂၁ သိန်း၊ ရေကြောင်းသိပ္ပံကျောင်းအုပ်ကြီး ဦးဝင်းသိမ်းနှင့် ဝန်ထမ်းများက ငွေကျပ်သိန်း၂၀၊ မကွေးမြို့မှ ဒေါ်ရှုရီမိသားစုက ငွေကျပ် ၁၅ သိန်း၊ ဦးကျော်သူဝင်း-ဒေါ်နှင်းစန္ဒာဦးမိသားစုက ငွေကျပ် ၁၃ သိန်း၊ မသော်တာဇင်မိသားစု၊ ဦးဘိုကြီး-သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်)၊ ဒေါ်ညွန့်နွယ်နှင့် မိခင်ကြီး ဒေါ်ကြည်သန်းအား အမှူးထား၍ သားသမီး၊ မြေးတစ်စုတို့က ငွေကျပ် ၁၀သိန်းစီ၊ ဒေါက်တာ အောင်မြင့်-ဒေါ်ခင်စောမူ မိသားစုက FEC၁၀၀၀၊ ဦးမြတ်သူ-ဒေါ်ညွန့်ညွန့် မိသားစု၊ ရွှေတိဂုံစေတီတော် ဝေနေယျသုခရေချမ်းစင် အသင်း၊ ဦးမြတင်-ဒေါ်လှတင် မိသားစု၊ ဦးသန်းဝင်းနှင့် ညီမများ၊ ဦးကျင်ဟု-ဒေါ်မြင့်မြင့်ဝင်း (အောင်ဆုထူးပိုင်ထီဆိုင်) မိသားစုတို့က ငွေကျပ် ငါးသိန်းစီနှင့် ကျန်အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

## ရေစက်သွန်းချ အမျှပေးဝေ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ပထမအကြိမ်မှ ပဥ္စမအကြိမ်အထိ အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များကစုစုပေါင်းအလှူငွေ၄၃၄၃၆၅၅၁၂ ကျပ်၊ FEC ၃၈၃၃ နှင့် အမေရိကန်ဒေါ်လာ ၂၉၈၁၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# စိန်စည်ရိပ်သာ ဝါတွင်းတရားစခန်းပွဲ

**ရန်ကုန် ဇူလိုင် ၁၉**

ဒဂုံမြို့သစ်(မြောက်ပိုင်း) စိန်စည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလ တရားစခန်းပွဲကို (၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့) အထိ ဇူလိုင် ၂၉ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ရာစိန်စည်ဆရာတော်ကိုယ်တိုင် တရားပြသမည်ဖြစ်သည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (ဒုတိယဝါဆိုလပြည့်ကျော် ၇ရက်) ဩဂုတ် ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

# အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီး၌ မိသားစုများ လွှမ်းသူ့ပန်းခွေချအလေးပြု

* *ကျော်ဖုံးမှ*

## တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ ကျင်းပရေးအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ၂၀၀၇ခုနှစ် နှစ်(၆၀) ပြည့် အာဇာနည်နေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် နံနက် ၇နာရီ ၅၅မိနစ်တွင် အာဇာနည်ဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အတူ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်၌ နေရာယူသည်။

## နိုင်ငံတော်အလံအလေးပြု

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

## လွှမ်းသူ့ပန်းခွေချ

ဆက်လက်၍ နိုင်ငံတော်ကိုယ်စား ၂၀၀၇ခုနှစ် (၆၀)ပြည့်နှစ် အာဇာနည်နေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အတူဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြေစိုက် ဦးခိုက်အလေးပြုခြင်း၊ သေနတ်မြှောက်အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်ခြင်းများကို ဆောင်ရွက်ကြသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**



နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီးဒေါ်လှဲလှဲနွယ်သိန်းတို့ လွှမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။ (သတင်းစဉ်)



နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် မိုင်းပွန်စော်ဘွား၏ ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားမိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် သခင်မြ၏ ဂူဗိမာန်၌ သခင်မြမိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ဦးဘချို၏ ဂူဗိမာန်၌ ဦးဘချိုမိသားစု လွှမ်းသူ့ပန်းခွေချပြီး ကန်တော့ကြစဉ်။ (သတင်းစဉ်)



နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ဦးဘဝင်း၏ဂူဗိမာန်၌ ဦးဘဝင်းမိသားစု လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ဦးရာဇတ်၏ ဂူဗိမာန်၌ ဦးရာဇတ် မိသားစုများ လွှမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။ (သတင်းစဉ်)



နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ဦးအုန်းမောင်၏ ဂူဗိမာန်၌ ဦးအုန်းမောင်မိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ရဲဘော်ကိုထွေး၏ ဂူဗိမာန်၌ ရဲဘော်ကိုထွေးမိသားစုများ လွှမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၆ မှ*

တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ မေတ္တာပို့ အမျှပေးဝေကြပြီး နှစ်မိနစ်ငြိမ်သက်စွာနေကြသည်။

**ပြန်လည်ထွက်ခွာ**

ထို့နောက် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းနောက် အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုများသည် ဂူဗိမာန်များ၌ လွမ်းသူ့ပန်းခွေချ အလေးပြု၍ ကန်တော့ကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်းတို့က လွမ်းသူ့ပန်းခွေချ၍ အလေးပြုပြီး ကန်တော့ကြကာ မေတ္တာပို့အမျှပေးဝေကြသည်။

**မေတ္တာပို့**

ဆက်လက်၍ အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ၊ အလေးပြု၊ ကန်တော့ကြပြီး မေတ္တာပို့ အမျှပေးဝေကြသည်။

ယင်းနောက် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Hul Phany ဦးဆောင်သော နိုင်ငံခြားသံရုံးအသီးသီးတို့မှ သံတမန်များနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

**အလေးပြု**

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။ **(သတင်းစဉ်)**

## ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ် ဝါဆိုသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ သာသနဓောတိက မစိုးရိမ်တိုက်သစ်၌ သီတင်းသုံးတော်မူကြသည့် စာချစာသင် သံဃာတော်အပါး ၃၀တို့အား သာသနပါလဂေါပကအဖွဲ့က ကြီးမှူးလျက် ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလဆန်း ၈ရက် (ဇူလိုင်၂၂ရက်) တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

ပါဝင် လှူဒါန်းလိုသူများသည် ဖုန်း- ၀၁-၃၉၀၀၇၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် တက်ရောက်လှူဒါန်းကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာအမျိုးသမီးများနေ့အခမ်းအနား မြစ်ကြီးနား၌ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

**ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုံးက ဂုဏ်ပြုအမှာစကားပြောကြားသည်။**

ထို့နောက် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ၂၀၀၆ခုနှစ် ဇဟိုအဆင့် ဆောင်းပါးပြိုင်ပွဲတွင် အထူးဆုရရှိသူ စောငယ်ငယ်(မိုးညှင်း)၊ (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တယောအတီး)တွင် ရွှေတံဆိပ်ဆုရရှိသူ မအေးလင်းသူ၊ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားနှင့် (၂၃) ကြိမ်မြောက် ပြည်နယ်၊ တိုင်း မြန်မာ့သိုင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသူ မမီမီလင်း၊ ဒုတိယအကြိမ်မြောက် ပြည်နယ်၊တိုင်း အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခု ရရှိသူ မနွေးနွေးဝါတို့အား လည်းကောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား လည်းကောင်း၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်အဆင့် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား လည်းကောင်း၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲဖြင့် တစ်ပြည်လုံးတွင် ပဥ္စမနှင့် ပြည်နယ်အဆင့် ပထမဆုရရှိသူ၊ ဒုတိယဆု ရရှိသူတို့ အားလည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

**ဆုချီးမြှင့်**

၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူများအားလည်းကောင်း၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးရှင်များအား လည်းကောင်း၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးရှင်များနှင့် လေးဘာသာ ဂုဏ်ထူးရှင်များအား လည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

**အဆိုပြုလွှာပေးအပ်**

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ အစောင်၁၅၀၀ ကို မြစ်ကြီးနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဌေးက ပေးအပ်ရာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုံးက လက်ခံသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တက်ရောက်လာသူများက မနောဇကေရီ နံရံကပ်စာစောင်နှင့် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၀-၇-၂၀၀၇ ရက် (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၅ | ၅။ | လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင် |
| ၈:၁၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈:၂၀ | ၇။ | ကြေးမုံရိပ်သွင် တေးနုယဉ် |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | English for Everyday Use |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | Practice in Reading . |
| ၁၆:၄၀ | ၄။ | လက်ဆင့်ကမ်းပေး ဂီတတေး |
| ၁၆:၅၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ) |
| ၁၇:၀၅ | ၆။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇:၂၀ | ၇။ | မြန်မာစာ မြန်မာစကား |
| ၁၇:၃၀ | ၈။ | **သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ၊ ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်) |
| ၁၇:၄၅ | ၉။ | နှောင်းခေတ်တေးပဒေသာ |
| ၁၈:၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၂။ | သုတစုံလင် ရွှေညာဏ်ရှင် |
| ၁၉:၀၅ | ၁၃။ | ဘိုင်းဒါးရေလွှဲဆည် |
| ၁၉:၁၀ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ဒုတိယအရွယ်၏ချစ်မေတ္တာ** (အပိုင်း-၅) |
| ၂၀:၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး** (အပိုင်း-၂၂)(ဇာတ်သိမ်း) |



**နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင်မိသားစု လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။** (သတင်းစဉ်)



**နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင်မိသားစု လွမ်းသူ့ပန်းခွေချ ကန်တော့ကြစဉ်။** (သတင်းစဉ်)



**နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ လွမ်းသူ့ပန်းခွေချစဉ်။** (သတင်းစဉ်)



**နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး လွမ်းသူ့ပန်းခွေချစဉ်။** (သတင်းစဉ်)

**နှစ်(၆၀)ပြည့် အာဇာနည်နေ့ အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးမှ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။** (သတင်းစဉ်)



## မြန်မာနိုင်ငံဗိသုကာများအသင်း ဆွေးနွေးပွဲ

**ရန်ကုန် ဇူလိုင် ၁၉**

မြန်မာနိုင်ငံဗိသုကာများအသင်း (AMA) ၏ (CPD, Continuous Professional Development) အစီအစဉ်အရ Seminar Series များ ပြုလုပ်သွားမည်ဖြစ်သည်။ Green Architecture နှင့် Architecture as I understand it ခေါင်းစဉ်များဖြင့် ပထမဆုံး Seminar ကို မြန်မာအင်ဖိုတက် အစည်းအဝေးခန်းမတွင် ဇူလိုင် ၂၈ရက် (စနေနေ့) မွန်းလွဲ ၂နာရီ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များသာမက စိတ်ပါဝင်စားသော ဗိသုကာရောင်းရင်းများနှင့် ကျောင်းသား ကျောင်းသူများအား တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အသေးစိတ်သိရှိလိုပါက မပဟေမာန်ကြည် (ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၇၂၃၁၀၄ နှင့် ၀၁-၅၁၀၄၂၈ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ...သည်–
# ...က်သစ်ဆီသို့...

ကို ချိုးဖောက်ပြီး ကျွန်ပြုသွေးစုပ်ခဲ့တဲ့ ကမ္ဘာကျော်ဝါရင့် နယ်ချဲ့နိုင်ငံကြီးတွေက ဒီကနေ့မှာတော့ ဒီမိုကရေစီ လူ့အခွင့်အရေး၊ လွတ်လပ်ခွင့်ဆိုတဲ့ ကြွေးကြော်သံတွေ ရှေ့တန်းတင် ဗန်းပြပြီး လောင်စာရဖို့၊ ကုန်ကြမ်းရဖို့၊ ကုန်ချောဈေးကွက်ရဖို့ စွက်ဖက်၊ ဖြိုခွဲ၊ ကျူးကျော်သိမ်းပိုက်တဲ့ နယ်ချဲ့စစ်ပွဲတွေ တန်းစီလုပ်နေတာ နေ့စဉ်၊ ညစဉ် ကမ္ဘာ့သတင်းတွေမှာ နားမဆံ့၊ မျက်စိမဆံ့အောင် တွေ့နေကြရပါတယ်။

သဘာဝနိယာမတရား၊ လောကနိယာမတရားအရ လူသားအားလုံးဟာ လွတ်လပ်ကြရပါမယ်၊ မိမိတို့ ကံကြမ္မာ မိမိတို့ဖန်တီးပြီး လုံခြုံငြိမ်းချမ်းသာယာဝပြောတဲ့ ကိုယ်စီဘဝများ ထူထောင်ယူခွင့် ရှိကြရပါမယ်။ ကမ္ဘာ့သမိုင်းဦးကာလမှာ လူတွေဟာ ရေကြည်ရာ မြက်နုရာ ဦးတည်သွားလာပြီး အတည်တကျမနေခဲ့ကြပါဘူး။ နောက်တဖြည်းဖြည်း အခြေချနေလာကြတယ်။ အိုးအိမ်တဲစုတွေ၊ ကျေးရွာတွေကတစ်ဆင့် နိုင်ငံတွေ ထူထောင်လာကြပါတယ်။ ဒီကနေ့ဆိုရင် ကမ္ဘာ့နိုင်ငံနှစ်ရာကျော်ရှိနေပါပြီ။ အဲဒီ နိုင်ငံတွေမှာ နိုင်ငံနယ်နိမိတ်(ကျဉ်းသည်ဖြစ်စေ၊ ကျယ်သည်ဖြစ်စေ) ကိုယ်စီနဲ့ ပိုင်နက်နယ်မြေ အသီးသီးရှိနေကြပါပြီ။ နိုင်ငံသားလူဦးရေ (နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ)ရှိနေကြပါပြီ။ ကိုယ့်နိုင်ငံကို ကောင်းအောင်၊ လုံခြုံအေးချမ်းအောင်၊ သာယာဝပြောအောင် ပြည်သူတွေ ကိုယ်စား စီမံဆောင်ရွက်မယ့်အစိုးရတွေ ဖွဲ့ထားကြပါပြီ။ အဲဒီနိုင်ငံတွေမှာ ကိုယ့်နိုင်ငံကောင်းကျိုး လွတ်လပ်စွာ ဖော်ဆောင်ခွင့်ဆိုတဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု(လွတ်လပ်ရေး)လည်း ရှိနေကြပါပြီ။

အဲဒီလို အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့နိုင်ငံတွေဟာ နိုင်ငံဥပဓိရုပ်ပြည့်စုံတဲ့ (တန်းဝင်ဂန္ထဝင်၊ တရားဝင်)နိုင်ငံဖြစ်လာပါတယ်။ (သူ့ကျွန်ဘဝ ရောက်နေတဲ့ နိုင်ငံမှာ အဲဒီအခွင့်အလမ်းအားလုံးကို အဲဒီပြည်သူတွေ လက်ထဲမှာမရှိ၊ နယ်ချဲ့ကျူးကျော်သိမ်းပိုက်သူတွေရဲ့ လက်ထဲရောက်နေမှာပါပဲ)။ ဒုတိယကမ္ဘာစစ်ပွဲကြီးအပြီး နိုင်ငံတစ်ရာကျော်လွတ်လပ်ရေးပြန်ရလာကြပါတယ်။ **လွတ်လပ်တဲ့နိုင်ငံတစ်နိုင်ငံကို ဘယ်လိုပုံစံနဲ့ တည်ဆောက်မလဲဆိုတာ အဲဒီနိုင်ငံက လွတ်လပ်တဲ့ ပြည်သူတွေက လွတ်လွတ်လပ်လပ် စဉ်းစားရွေးချယ်၊ ဆုံးဖြတ်၊ အကောင်အထည်ဖော်ကြရပါတယ်။ လွတ်လပ်စွာလုပ်ကိုင်ခွင့်ဆိုတာဟာ အချုပ်အခြာအာဏာပိုင်စိုးမှုကို ဆိုလိုတာပါပဲ။ အချုပ်အခြာအာဏာ (Sovereignty) ကို ကျင့်သုံးတဲ့အခါ နိုင်ငံတော်အာဏာ (State Power) သုံးရပ်ဖြစ်ပေါ်လာပါတယ်။ (၁) ဥပဒေပြုရေးအာဏာ (Legislative Power)၊ (၂) အုပ်ချုပ်ရေးအာဏာ (Administrative Power)၊ (၃) တရားစီရင်ရေးအာဏာ (Judicial Power)တို့ဖြစ်ပါတယ်။**

ဒီနေ့ခေတ်မှာ ပြည်သူတွေပိုင်ဆိုင်တဲ့ အချုပ်အခြာအာဏာကို ပြည်သူတွေအကျိုးစီးပွားသန့်သန့် ရှေးရှုပြီး ပြည်သူ့ကိုယ်စားဆောင်ရွက်ပေးမယ့် ပြည်သူ့ကိုယ်စားလှယ်တွေကို ပြည်သူတွေက ရွေးကောက်တင်မြှောက် တာဝန်ပေးတဲ့ ကိုယ်စားပြု ဒီမိုကရေစီပုံစံကို ကျင့်သုံးကြပါတယ်။ ပြည်သူက ကိုယ်စားလှယ်(အမတ်)တွေ ရွေးလွှတ်ပြီး ပြည်သူပိုင်အချုပ်အခြာ အာဏာရပ်ကြီးကို အဲဒီကိုယ်စားလှယ်တွေ လက်ထဲထိုးအပ်လို့ ဖြစ်မလား။ အချုပ်အခြာအာဏာဟာ ပြည်သူတွေကို သခင်ဖြစ်စေနိုင်တယ်၊ ကျွန်ဖြစ်စေနိုင်တယ်၊ ချမ်းသာကြွယ်ဝစေနိုင်တယ်၊ ဆင်းရဲမွဲတေစေနိုင်တယ်၊ ဘဝင်မြင့်စေနိုင်တယ်၊ ဘဝပျက်စေနိုင်တယ်။ ဒါ့ကြောင့် ကိုယ်စားလှယ် (အမတ်တွေ၊ အစိုးရအဖွဲ့တွေ၊ နိုင်ငံအကြီးအကဲတွေ)လက်ထဲ “ရော့၊ အင့်– ကြိုက်သလိုသုံး၊ ထင်သလိုလုပ်တော့”ဆိုပြီး အချုပ်အခြာအာဏာကို အကန့်အသတ်မရှိ ထိုးအပ်လို့ မဖြစ်နိုင်ပါဘူး။ **အချုပ်အခြာအာဏာကို ကိုယ်စားလှယ် (အမတ်၊ အစိုးရ) တွေလက်ထဲ လွှဲအပ်ပေးတဲ့အခါ စည်းကမ်း၊ ကလနားတွေနဲ့ တကွ ပေးအပ်ရပါတယ်။ အချုပ်အခြာအာဏာကို ပြည်သူတွေကိုယ်စား ကျင့်သုံးမယ့် ပြည်သူ့ကိုယ်စားလှယ်တွေအနေနဲ့လည်း ပြည်သူက သတ်မှတ်စည်းကမ်းချပေးတဲ့ မူဘောင်အတွင်းကသာ ဆောင်ရွက်လုပ်ကိုင်ကြရပါတယ်။ အဲဒီစည်းကမ်း၊ ကလနား၊ မူဘောင်ဆိုတာတွေကို နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအကျ ဖော်ပြထားရပါတယ်။ ဒါ့ကြောင့် အခြေခံဥပဒေဆိုတာဟာ အချုပ်အခြာအာဏာဆိုင်ရာ၊ ပြည်သူတွေချမှတ်တဲ့ အချုပ်အခြာအာဏာ ကျင့်သုံးရေးဆိုင်ရာ စည်းကမ်းချက် စာချုပ်ကြီးပါပဲ။**

**အခြေခံဥပဒေမှာ နိုင်ငံကို ဘယ်လိုပုံစံနဲ့တည်ဆောက်မလဲ၊ နိုင်ငံတော် အာဏာသုံးရပ်ကို မည်သူမည်ဝါ၊ မည်သည့်အစုအဖွဲ့တွေက မည်သို့မည်ပုံကျင့်သုံးရမလဲ၊ နိုင်ငံသားပြည်သူတွေ ခံစားရရှိမယ့် နိုင်ငံသား အခွင့်အရေးနှင့် တာဝန်က ဘာတွေလဲ စတဲ့မူတွေ ပါရှိရပါတယ်။ ပြည်သူ့အတွက် ပြည်သူ့ဆန္ဒကို ထင်ဟပ်တဲ့ အခြေခံဥပဒေကို ပြည်သူတွေထဲက လူထုလူတန်းစားစုံ၊ အလွှာစုံ၊ ဒေသစုံ၊ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်တွေက ညှိနှိုင်း မူချကြရပါတယ်။ ၂၀၀၇ခုနှစ် ဇူလိုင်လ ၁၈ရက်နေ့မှာ ပြန်လည်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကြီးဟာ ပြည်သူ့ကိုယ်စားပြု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရေးကို အပြီးတိုင် မူချမှတ်ပေးမယ့် ညီလာခံကြီးဖြစ်ပါတယ်။**

နိုင်ငံဖွဲ့စည်းတည်ဆောက်ရာမှာ အစိုးရတစ်ဖွဲ့တည်းက တစ်ပြည်လုံး အုပ်ချုပ်စီမံတဲ့ တစ်ပြည်ထောင်စနစ် (Unitary State System)နဲ့ တိုင်းရင်းသားလူမျိုးစုံတို့ရဲ့ဒေသ(ပြည်နယ်၊ တိုင်းဒေသ)တို့ဖြင့် စုစည်းတဲ့ ပြည်ထောင်စုစနစ်(Federal State System)တို့ကို ရွေးချယ်တည်ဆောက်ကြရပါတယ်။ တိုင်းရင်းသား လူမျိုးတစ်ရာကျော်ရှိတဲ့ မြန်မာနိုင်ငံဟာ သမိုင်းကြောင်းအရ၊ ရေမြေသဘာဝ၊ လူမျိုးစရိုက်သဘာဝ၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ၊ ပြည်သူတို့၏ဆန္ဒအရ ပြည်ထောင်စုစနစ်နဲ့ တည်ဆောက်ဖို့ မူချပြီးဖြစ်ပါတယ်။ ယနေ့ပြည်ထောင်စုအချို့ ဖြိုခွဲခံရ၍ ပြိုကွဲနေသည်များကို သင်ခန်းစာထုတ်ယူ၊ နိုင်ငံကြီးအချို့က ကိုလိုနီပြုရေးဦးတည်ချက်နဲ့ ပြည်ထောင်စုများအား လိုက်လံဖြိုခွဲနေသည်ကို သတိပြုဆင်ခြင်ကာ မြန်မာပြည်ထောင်စုကြီး ထာဝရတည်တံ့စေမယ့် အခြေခံမူများကို အမျိုးသားညီလာခံကြီးက တညီတညွတ်တည်း ချမှတ်ထားပြီးဖြစ်ပါတယ်။ ယခင် (၁၉၄၇နှင့် ၁၉၇၄) အခြေခံဥပဒေများ၌ နိုင်ငံသားအခွင့်အရေးဆိုင်ရာ အခြေခံမူနှစ်ဆယ်ကျော်မျှသာ ပါဝင်ခဲ့သော်လည်း ယခုကျင်းပဆဲ အမျိုးသားညီလာခံကြီးက နိုင်ငံ၊ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံသားတာဝန် အခန်းအတွက် အခြေခံမူနှင့်အသေးစိတ်အခြေခံရမည့်မူ ငါးဆယ်တိတိ ပါဝင်ချမှတ်ပြီးလည်းဖြစ်ပါတယ်။

ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးကြတဲ့ နိုင်ငံတွေ (ဖဆပလခေတ် မြန်မာနိုင်ငံအပါအဝင်)မှာ ရွေးကောက်ပွဲ၌ အမတ်ဦးရေအများစု (ထက်ဝက်ကျော်)ရတဲ့ ပါတီခေါင်းဆောင်ဟာ အစိုးရအကြီးအကဲ နေရာယူ၊ စိတ်ကြိုက် အစိုးရဖွဲ့ပြီး အုပ်ချုပ်ရေးအာဏာကို သူတစ်ဦးတည်းလက်ထဲမှာ ဆုပ်ကိုင်ထားပါတယ်။ လွှတ်တော်မှာလည်း သူ့ပါတီက အမတ်အများစုဖြစ်လို့ သူ့စိတ်ကြိုက်ဥပဒေတွေပြဋ္ဌာန်းနိုင်တဲ့ ဥပဒေပြုခွင့်အာဏာကိုလည်း သူပဲ ဆုပ်ကိုင်ထားပါတယ်။ တရားသူကြီးတွေကို ဥပဒေပညာရှင်တွေနဲ့ ခန့်အပ်ဖွဲ့စည်းပေးပြီးမှ အစိုးရအဖွဲ့ထဲက သူ့ရဲ့တရားရေးဝန်ကြီးက တစ်ဆင့် တရားစီရင်ရေးအာဏာကိုပါ သူကိုင်ထားပါတယ်။

အဲဒီစနစ် မကောင်းဘူးလို့ မဆိုလိုပါဘူး။ နိုင်ငံများစွာ (မြန်မာ ဖဆပလခေတ်အပါအဝင်)မှာ နိုင်ငံအာဏာသုံးရပ်ကို တစ်ဦးတည်းက ချုပ်ကိုင်ပြီး မနိုင်မနင်းဖြစ်လာတဲ့အတွက် အစိုးရအဖွဲ့တွေ မကြာခဏ ပြုတ်ကျနေကြရတာ တွေ့ရပါတယ်။ တချို့နိုင်ငံတွေမှာ နှစ်ပေါင်း ၆၀ လောက်အတွင်း အစိုးရအဖွဲ့ ၈၀ ကျော် ၉၀ လောက်အထိ ပြောင်းနေရပါတယ်။ ဝါဒစုံ၊ ပါတီစုံ၊ အယူဝါဒစုံ၊ ပယောဂထူပြောတဲ့ ယနေ့ ခေတ်ကာလမျိုးမှာ အနိုင်ရ(အာဏာရ)ပါတီခေါင်းဆောင်တစ်ဦးလက်ထဲ အာဏာရောက်သွားရင် မထိန်းနိုင်၊ မသိမ်းနိုင်ဖြစ်တတ်ကြတာကိုလည်း ယနေ့နိုင်ငံတကာသတင်းများမှာ တွေ့ရမှာပါ။

**...ယ်စားလှယ်(အမတ်၊ အစိုးရ)တွေလက်ထဲ လွှဲအပ်ပေးတဲ့အခါ စည်းကမ်း၊ ...ပါတယ်။ အချုပ်အခြာအာဏာကို ပြည်သူတွေကိုယ်စား ကျင့်သုံးမယ့် ပြည်သူ့... ပြည်သူက သတ်မှတ်စည်းကမ်းချပေးတဲ့ မူဘောင်အတွင်းကသာ ဆောင်ရွက်... ည်းကမ်း၊ ကလနား၊ မူဘောင်ဆိုတာတွေကို နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမှာ ... ဒါ့ကြောင့် အခြေခံဥပဒေဆိုတာဟာ အချုပ်အခြာအာဏာဆိုင်ရာ၊ ပြည်သူတွေ ...ကျင့်သုံးရေးဆိုင်ရာ စည်းကမ်းချက် စာချုပ်ကြီးပါပဲ။**

# အပြီးတိုင်မူချမှတ်ပေးမယ့် ညီလာခံကြီး

**အခြေခံဥပဒေမှာ နိုင်ငံကို ဘယ်လိုပုံစံနဲ့ တည်ဆောက်မလဲ၊ နိုင်ငံတော်အာဏာသုံးရပ်ကို မည်သူမည်ဝါ၊ မည်သည့်အစုအဖွဲ့တွေက မည်သို့မည်ပုံ ကျင့်သုံးရမလဲ၊ နိုင်ငံသားပြည်သူတွေ ခံစားရရှိမယ့် နိုင်ငံသား အခွင့်အရေးနှင့် တာဝန်က ဘာတွေလဲ စတဲ့မူတွေ ပါရှိရပါတယ်။ ပြည်သူ့အတွက် ပြည်သူ့ဆန္ဒကိုထင်ဟပ်တဲ့ အခြေခံဥပဒေကို ပြည်သူတွေထဲက လူထုလူတန်းစားစုံ၊ အလွှာစုံ၊ ဒေသစုံ၊ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်တွေက ညှိနှိုင်းမူချကြရပါတယ်။ ၂၀၀၇ခုနှစ် ဇူလိုင်လ ၁၈ရက်နေ့မှာ ပြန်လည်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကြီးဟာ ပြည်သူ့ကိုယ်စားပြု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရေးကို အပြီးတိုင်မူချမှတ်ပေးမယ့် ညီလာခံကြီးဖြစ်ပါတယ်။**

**မြန်မာနိုင်ငံအတွက် အကောင်းဆုံးစနစ်ကတော့ အချုပ်အခြာအာဏာ(နိုင်ငံတော်အာဏာသုံးရပ်)ကို တစ်ဦးတည်းလက် ထိုးအပ်တဲ့ ပါလီမန်ဒီမိုကရေစီစနစ်မျိုးမဟုတ်၊ အာဏာသုံးရပ်ကို ပိုင်းခြားအပ်နှင်းပြီးမှ အထက်၊ အောက်ခွဲဝေကျင့်သုံးစေတဲ့စနစ် ဖြစ်ပါတယ်။ နိုင်ငံအကြီးအကဲ(သမ္မတ)က အုပ်ချုပ်ရေးအာဏာကို တာဝန်ယူ ကိုင်တွယ်ကျင့်သုံးမယ်၊ လွှတ်တော်များက ဥပဒေပြုအာဏာကို တာဝန်ယူကိုင်တွယ်ကျင့်သုံးကြမယ်၊ ပြည်ထောင်စု တရားရုံးက တရားစီရင်ရေးအာဏာကို တာဝန်ယူကိုင်တွယ် ကျင့်သုံးကြမယ်၊ အာဏာသုံးရပ်ကို သုံးဦး သုံးဖလှယ် (သုံးဌာန၊ သုံးစု၊ သုံးဖွဲ့) ပိုင်းခြားခွဲဝေ အပ်နှင်းလိုက်ပေမယ့် ထင်ရာမစိုင်းနိုင်အောင် အပြန်အလှန်ထိန်းကျောင်းပေးမယ့် စည်းကမ်းတွေလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိရပါမယ်။ ကမ္ဘာမှာ အာဏာကိုပိုင်းခြားကျင့်သုံးတဲ့ နိုင်ငံများဟာ တည်ငြိမ်တယ်၊ အဲဒီနိုင်ငံရဲ့အခြေခံဥပဒေဟာ အစွန့်ရှည်တည်တံ့တယ်ဆိုတာလည်း အထင်အရှားတွေ့နေရပါတယ်။**

မြန်မာနိုင်ငံ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းမှာကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးမှာ ကိုယ်စားလှယ်များဟာ ဤဆောင်းပါးရှေ့ပိုင်းမှာ တင်ပြခဲ့တဲ့ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းများကို အကျေအညက်လေ့လာသုံးသပ်ပြီးမှ မြန်မာ့အနာဂတ်ကို အကောင်းဆုံးမျှော်ရှုပြီး အသင့်မြတ်ဆုံးအခြေခံမူတွေကို ဆွေးနွေးညှိနှိုင်းချမှတ်နေကြပါတယ်။ ထာဝရတည်တံ့ခိုင်မြဲမယ့် ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ဆောက်တဲ့မူတွေ၊ နိုင်ငံအစဉ်တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မယ့်၊ အချုပ်အခြာအာဏာကို ပိုင်းခြားခွဲဝေကျင့်သုံးမယ့် မူတွေ၊ နိုင်ငံသားတို့ရဲ့ အခွင့်အရေးအပြည့်အဝရရှိစေမယ့် မူတွေကို အမျိုးသားညီလာခံကြီးမှာ ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

ကျန်ရှိတဲ့ အခန်းလိုက် ခေါင်းစဉ်(၇)ခုနဲ့ပတ်သက်တဲ့ အသေးစိတ်အခြေခံရမယ့် မူတွေကိုလည်း ယခု ဇူလိုင်၁၈ရက်နေ့မှာ ပြန်လည်စတင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ အပြီးတိုင် ညှိနှိုင်းချမှတ်နိုင်တော့မှာ ဖြစ်ပါတယ်။ ယခုကျင်းပတဲ့ အမျိုးသားညီလာခံကြီး ပြီးစီးတဲ့နောက် အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲမယ်၊ အခြေခံဥပဒေ(မူကြမ်း)ကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနဲ့ အတည်ပြုမယ်၊ အတည်ဖြစ်လာတဲ့ အခြေခံဥပဒေသစ်နဲ့အညီ ရွေးကောက်ပွဲကျင်းပမယ်၊ လွှတ်တော်ခေါ်ယူကျင်းပပြီး အစိုးရသစ်ဖွဲ့စည်းကာ အာဏာလွှဲအပ်မယ်၊ ပြီးတော့ ငြိမ်းအေးသာယာ ဝပြောပြီး စည်းကမ်းစနစ်တကျရှိတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို အပြီးတိုင် အောင်အောင်မြင်မြင် တည်ဆောက်သွားကြတော့မှာ ဖြစ်ကြောင်းပါခင်ဗျား။ ။

# နိုင်ငံတကာမှ ဆက်သွယ်ရေး ကုမ္ပဏီများ ဗီယက်နမ်တွင် ရင်းနှီးမြှုပ်နှံမည်

**ဟန်နွိုင်း ဇူလိုင် ၁၉**

ကမ္ဘာ့ဆက်သွယ်ရေးလုပ်ငန်းကို ဦးဆောင်နေသော နိုင်ငံတကာမှ ဆက်သွယ်ရေးကုမ္ပဏီများ အနေဖြင့် ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း ဗီယက်နမ် နယူးစ်သတင်းစာက ဇူလိုင် ၁၆ ရက်၌ ဖော်ပြသည်။

**တိုးချဲ့လာ**

ဥရောပ၏ ဒုတိယအကြီးမားဆုံး ပြင်သစ်ဆက်သွယ်ရေးလုပ်ငန်းက ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ပြင်သစ်ဆက်သွယ်ရေးလုပ်ငန်းသည် မကြာမီက အာရှဈေးကွက်သို့ တိုးချဲ့လာသော ဆက်သွယ်ရေးလုပ်ငန်းတစ်ခုဖြစ်သည်။

**စီစဉ်လျက်ရှိ**

ထို့အတူ နော်ဝေနိုင်ငံမှ တယ်လီနာ ဆက်သွယ်ရေးလုပ်ငန်းသည်လည်း ဥရောပမြောက်ပိုင်း၌ ထိပ်တန်းဆက်သွယ်ရေး လုပ်ငန်းတစ်ခုဖြစ်ပြီး ယခုအခါ ဗီယက်နမ်တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် စီစဉ်လျက်ရှိနေသည်။

တစ်ဖန် ဗြိတိန်အခြေစိုက် ဗိုဒါဖွန်း ဆက်သွယ်ရေးကုမ္ပဏီနှင့် ပြင်သစ်အခြေစိုက် လူဆင့် ဆက်သွယ်ရေး ကုမ္ပဏီတို့ကလည်း ဗီယက်နမ်၌ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စီစဉ်နေကြသည်။ **(အင်တာနက်)**



**ပြင်သစ်နိုင်ငံမြောက်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သော ကာလိစ်မြို့၌ ပြေးဆွဲလျက်ရှိသည့် မြန်နှုန်းမြင့် ရထားတစ်စင်းကို ဇူလိုင် ၁၈ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

**မြန်မာ့အလင်း**

**နိုင်ငံတကာ သတင်းများ**

# အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင် နယ်စပ်လုံခြုံရေး ဆွေးနွေး

**ဂျကာတာ ဇူလိုင် ၁၉**

နယ်ခြား လုံခြုံရေးဆိုင်ရာများ အကောင်အထည်ဖော် ဆောင်ရွက်ရေး ဆွေးနွေးရန် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင် နှစ်နိုင်ငံတို့သည် ဇူလိုင် ၁၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီမြောက်ပိုင်းရှိ မန်နာဒိုမြို့၌ (၂၆)ကြိမ်မြောက် နယ်ခြားကော်မတီအစည်းအဝေး ကျင်းပသည်။

**ဆွေးနွေးကြမည်**

ယင်းအစည်းအဝေးကို ငါးရက်ကြာ ကျင်းပမည်ဖြစ်ရာ နှစ်နိုင်ငံမှ ကော်မရှင်အဖွဲ့ အေနှင့်ဘီ နှစ်ဖွဲ့တို့က ဆွေးနွေးကြမည်ဖြစ်ကြောင်း မန်နာဒို ရေတပ် အခြေစိုက်စခန်းမှ စစ်ဘက် အရာရှိတစ်ဦးက ပြောကြားသည်။

**ပြောကြား**

ကော်မရှင် အေအဖွဲ့မှ နယ်စပ်ဖြတ်ကျော်မှုအပေါ် သတင်းများဖလှယ်ရေး အခြေအနေများကို ဆွေးနွေးမည်ဖြစ်ပြီး ကော်မရှင်ဘီအဖွဲ့မှ နယ်စပ်လုံခြုံရေးဆိုင်ရာကိစ္စရပ်ကို တာဝန်ယူဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ရေလွှမ်းမှုများ ဖြစ်ပွားနေသည်ကို ဇူလိုင် ၁၈ ရက်က တွေ့ရစဉ်။**

(အဆိုပါ ဒေသတွင် ရေလွှမ်းမှုကြောင့် ၃၂ ဦး သေဆုံးပြီး ၁၂ ဦး ပျောက်ဆုံးလျက် ရှိကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

# အကြမ်းဖက်မှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် မလေးရှားနှင့် နယူးဇီလန်တို့ ဆွေးနွေး

ကွာလာလမ်ပူ ဇူလိုင် ၁၉

**နှစ်နိုင်ငံ ရဲတပ်ဖွဲ့ဝင်များအကြား သတင်းအချက်အလက် အပြန်အလှန် ဖလှယ်ကြပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးကို တိုးမြှင့်ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးလျက်ရှိကြောင်း နယူးဇီလန်နှင့် မလေးရှားနိုင်ငံမှ အရာရှိများက ဇူလိုင် ၁၆ ရက်၌ ပြောကြားသည်။**



နယူးဇီလန် ဝန်ကြီးချုပ် ဟီလန်ကလက်ခ်အနေဖြင့် မလေးရှားနိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီး ရောက်ရှိစဉ် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လုံခြုံရေးနှင့် ကုန်သွယ်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မလေးရှားနိုင်ငံသည်နယူးဇီလန်နိုင်ငံ၏ ကိုးနိုင်ငံမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ လောလောဆယ်တွင် နှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၅၁၂ ဒသမ ၂ သန်းရှိနေသည်။

**ပူးပေါင်းဆောင်ရွက်**

နယူးဇီလန် ဝန်ကြီးချုပ်သည် နှစ်နိုင်ငံအကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရန် စာချုပ် ချုပ်ဆိုနိုင်ရေး မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်အာမက် ဘာဒါဝီနှင့် တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# နီပေါအလုပ်သမားများ တောင်ကိုရီးယားသို့ စေလွှတ်မည်

**ခတ္တမန္ဒူ ဇူလိုင် ၁၉**

နီပေါနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် အလုပ်သမားရေးရာနှင့် ပတ်သက်၍ နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း နီပေါနိုင်ငံ အလုပ်သမားနှင့်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ဇူလိုင် ၁၇ရက်၌ ပြောကြားသည်။

**ဖော်ပြထား**

နီပေါနိုင်ငံမှ အလုပ်သမား ၅၀၀၀ကို တောင်ကိုရီးယားနိုင်ငံသို့ စေလွှတ်ရေးနှင့်ပတ်သက်၍လည်း အဆိုပါနားလည်မှုစာချွန်လွှာ၌ ဖော်ပြထားသည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် နီပေါမှအလုပ်သမားများကို နှစ်စဉ်ခေါ်ယူရန်လည်း စီစဉ်လျက်ရှိသည်။

နှစ်နိုင်ငံ တရားဝင်စာချုပ် လက်မှတ်ရေးထိုးပြီးသည်နှင့် တစ်ပြိုင်နက် နီပေါနိုင်ငံမှ အလုပ်သမားများကို တောင်ကိုရီးယားသို့ စေလွှတ်ရန် စီစဉ်ဆောင်ရွက်မည် ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



**အိန္ဒိယနိုင်ငံ စီလီဂူရီမြို့အနီးရှိ ဆူကာနာ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၌ မွေးမြူထားသည့် ၁၀ ရက်သားအရွယ် ကျားသစ်ပေါက်လေးတစ်ကောင်အား ဇူလိုင် ၁၈ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အာဖရိကအရှေ့ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

နိုင်ရိုဘီ ဇူလိုင် ၁၉

**အာဖရိကတိုက် အရှေ့ပိုင်း၌ ဇူလိုင် ၁၇ ရက်က အင်အားပြင်းငလျင်တစ်ခု လှုပ်သွားခဲ့ကြောင်း အမေရိကန်ငလျင်တိုင်းတာရေးအဖွဲ့(ယူအက်စ်ဂျီအက်စ်)က ပြောကြားသည်။**

**ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အဆိုပါ ငလျင်သည် တန်ဇန်းနီးယားနိုင်ငံ အာရာရှာမြို့ အနောက်ဘက် ၁၆၇ ကီလိုမီတာ အကွာကိုဗဟိုပြု၍ လှုပ်သွားခဲ့ခြင်း ဖြစ်ကြောင်း ယူအက်စ်ဂျီအက်စ်က ပြောကြားသည်။**

**လှုပ်ခါသွား**

**ငလျင်ဗဟိုနှင့် ကီလိုမီတာ ၂၄၀ အကွာ၌ရှိသော ကင်ညာနိုင်ငံ၏ မြို့တော် နိုင်ရိုဘီမြို့၌ အဆောက်အအုံများမှာ မိနစ်အနည်းငယ်ကြာ လှုပ်ခါသွားခဲ့သည်။**

**ကင်ညာနိုင်ငံနှင့် တန်ဇန်းနီးယားနိုင်ငံတို့သည် ဂရိတ်ရဖ်ဒ် တောင်ကြား၏ မြေမျက်နှာပြင်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသော နိုင်ငံများဖြစ်သည်။** အမ်အင်န်အေ၊ရိုက်တာ

# အီရတ်၌ ကန်စစ်လေယာဉ်ပျက်ကျ

**ဘဂ္ဂဒက် ဇူလိုင် ၁၉**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း အခြေစိုက်စခန်းတစ်ခုမှ အမေရိကန် အက်ဖ်-၁၆ စစ်လေယာဉ်တစ်စင်း လေဆိပ်မှပျံအတက် ဇူလိုင် ၁၅ ရက်၌ ပျက်ကျခဲ့ကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

**လွတ်မြောက်**

အဆိုပါ စစ်လေယာဉ်သည် ဘဂ္ဂဒက်မြို့မြောက်ဘက် ဘာလက် လေတပ်အခြေစိုက်စခန်းမှ ပျံအတက်တွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်မှူးမှာ လွတ်မြောက်သွားခဲ့ကြောင်း ၎င်းစစ်ဘက်က ပြောကြားသည်။

စစ်လေယာဉ် ပျက်ကျမှုမှာ မတော်တဆဖြစ်ရပ်ကြောင့်ဟု အမေရိကန်စစ်ဘက်မှ ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဆိုက်ပရပ်စ်၌ တောမီးလောင်ကျွမ်း ကျေးရွာနှစ်ရွာ ရွှေ့ပြောင်းခဲ့ရ

နီကိုရှား ဇူလိုင် ၁၉

**ဆိုက်ပရပ်စ်နိုင်ငံအတွင်း တောမီးများလောင်ကျွမ်းမှုမှာ လူနေကျေးရွာများအနီးသို့ ရောက်ရှိလာသဖြင့် ဇူလိုင် ၁၆ ရက်က ကျေးရွာနှစ်ရွာမှ ဒေသခံပြည်သူ ၁၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။**

**လောင်ကျွမ်း**

**ဆိုက်ပရပ်စ်နိုင်ငံတောင်ပိုင်းရှိ တာရိုဒိုတောင်တန်းများ၌ လောင်ကျွမ်းနေသော တောမီးမှာ ကာလာဗာဆိုကျေးရွာနှင့် အက်စ်ဂါဒါကျေးရွာမှ မီတာ ၁၀၀ အကွာ၌ လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**

အမ်အင်န်အေ၊ရိုက်တာ

## ၁၀ ကြိမ်မြောက် အလိုတော်ပြည့်ကျောင်းတိုက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

**ရန်ကုန် ဇူလိုင် ၁၉**

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပသာသနာပြု ဒေါက်တာဘဒ္ဒန္တ အရိယဝံသအား အမှူးထား၍ တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ သံဃာတော်အပါး ၁၂၀ တို့အား (၁၀)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက် (ဇူလိုင် ၂၈ ရက်၊ စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

## မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဇောတိက ၁ လမ်း မိုးကုတ် ဝိပဿနာတိုက်ခွဲ အမှတ် ၁၈၈ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်တွင် မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို ဇူလိုင် ၂၈ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများ ဖုန်း-၆၅၁၈၆၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေ မြတ်မဟာရိုဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း) အနောက်ဘက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ် ၄၄/F သီရိမင်္ဂလာလမ်း မြေနီကုန်း (မြောက်) နေ ဒေါက်တာသန့်အောင်၊ ဒေါက်တာသွယ်သွယ်အောင်၊ သားဦးစိုးလင်း သမီး ဒေါက်တာ သွယ်သန့်သန့်အောင်၊ မကျော့ကျော့အောင်၊ မမေချောမိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ ဦးသုဝဏ္ဏာလင်္ကာရ(ဘုံဘော)M.A,Ph.D တာဝန်ခံထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## ကျိုက္ကလဲ့စေတီတော် ဘက်စုံမွမ်းမံရန် ငွေလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၉**

မင်္ဂလာဒုံမြို့နယ်ရှိ သမိုင်းဝင် ကျိုက္ကလဲ့စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သည် စေတီတော်ကြီး၏ ဘက်စုံမွမ်းမံပြင်ဆင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဒေါ်ဝါဝါမွန် မိသားစုက ငွေကျပ်၃၀၀၀၀၊ ဒေါက်တာဦးဇော်ဝင်း-ဒေါက်တာဒေါ်ခင်မေသန်း မိသားစုက ငွေကျပ်၃၀၀၀၀၊ ဦးစိုးလှ (စိုးမိုးအောင်ကဖီး)က ငွေကျပ် ၁၅၀၀၀၀၊ ဦးညွှန့်လှိုင်-ဒေါ်မြစန်းရီ မိသားစုက ငွေကျပ် ၃၀၀၀၀ကိုလည်းကောင်း ပါဝင်လှူဒါန်းရာ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်စိန်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **(က-ပ)**

## မြန်မာအမျိုးသမီးများနေ့အခမ်းအနား လှိုင်ကော် မြို့တော်ခန်းမ၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

**မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။**

အခမ်းအနားတွင် ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အုန်းရင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းအဆင့်များတွင် ဆုရရှိခဲ့သူများအား ဆုများချီးမြှင့်သည်။ ထို့နောက် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ငါးဘာသာနှင့် လေးဘာသာဂုဏ်ထူး ဆုရရှိသူများ၊ ၂၀၀၆ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ (အဆင့်မြင့်ပညာဗဟိုအဆင့်) ပထမဆု၊ ဂျပန်နိုင်ငံ (၉)ကြိမ်မြောက် နာရီတမြို့ ကလေးပန်းချီပြိုင်ပွဲ ရွှေတံဆိပ်ရရှိသူများ၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင်ရွှေတံဆိပ်ရရှိသူများ၊ ပြည်နယ်နှင့် တိုင်းအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ရသူများ၊ (၂၅)ကြိမ်နှင့်အထက် သွေးလှူရှင်များ၊ မေမြန်မာဂျာနယ်တွင် ဆောင်းပါးရေးသားပေးပို့ စာမူဖော်ပြခြင်းခံရသူများအား ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းစိုးစိုးဟတ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

<u>လှည့်လည်ကြည့်ရှု</u>

အခမ်းအနားအပြီးတွင် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးဌာနကြီးက ခင်းကျင်းပြသထားသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဓာတ်ပုံပြပွဲကို လည်းကောင်း၊ စာအုပ်စာစောင်များနှင့် အလှကုန်ပစ္စည်းများ ရောင်းချခြင်းကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## မြန်မာသီရိလင်္ကာရာမကျောင်းတိုက် ဝါတွင်းဥပုသ်နေ့ အထူးတရားပွဲ

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မြန်မာသီရိလင်္ကာရာမကျောင်းတိုက်၌ (၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့)အထိ မွန်းလွဲ ၁နာရီခွဲတွင် ဓမ္မကထိကအကျော် ဆရာတော်များက တရားဟောကြား ချီးမြှင့်ကြမည်ဖြစ်ရာ (ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင် ၂၉ရက်တွင် ဓမ္မသင်္ဂဟ ရွှေညီအစ်ကို ပရဟိတ ဆရာတော်အရှင်ကောသလ္လ (ဓမ္မာစရိယ၊ M.A) သီရိလင်္ကာက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ရာ ကြွရောက်ကြည်ညို တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ခုနစ်ရက် တရားစခန်းပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

**ရန်ကုန် ဇူလိုင် ၁၉**

မြိတ်မြို့ ရွှေပေးလမ်းမကြီး ရတနာ့ဂုဏ်ရည်ရိပ်သာ၌ အကြိမ်(၂၀) မြောက် ခုနစ်ရက်တရားစခန်းပွဲကို ဇူလိုင် ၂၃ ရက် (တနင်္လာနေ့) ညနေ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားအားထုတ်လိုသောယောဂီများသည် မိမိတို့ လိုအပ်သောအသုံးအဆောင်များ တစ်ပါတည်း ယူဆောင်၍ ညနေ ၄ နာရီအရောက် ရိပ်သာသို့ လာရောက်ကြရမည်ဖြစ်ပြီး မဟာစည်နယ်လှည့်ဓမ္မကထိက(ထီလာ) အရှင်ဉာဏိဿရ ညောင်ကန်အေး ရန်ကုန်နှင့် ရတနာ့ဂုဏ်ရည်ရိပ်သာ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ တေဇာနန္ဒ အရှင်သူမြတ်တို့က ဟောကြား ချီးမြှင့်ကြမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို (ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်) ဇူလိုင် ၃၀ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်း တစ်စုံလျှင်ငွေကျပ် ၃၀၀၀ဖြင့် စာရင်းပေးလှူဒါန်းနိုင်ကြပြီး ကြွရောက်လာကြသော ဝါဆိုသင်္ကန်းအလှူရှင် ဧည့်ပရိသတ် အပေါင်းတို့အား ကိုမြင့်စိုး-မခင်မာဝင်း (အောင်နီလာရတနာ ရွှေဆိုင်) မိသားစုတို့က ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ကျောက်ဆည်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

**ကျောက်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဩဂုတ် ၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ်နှင့် အနောက်ရွှေဂုံတိုင်လမ်းထောင့်ရှိ ကျောက်ဆည်ဓမ္မာရုံ ဗိမာန်တော်ကြီး၌ သံဃာတော် ၁၀ပါးအား ဝါဆို သင်္ကန်းကပ်လှူ၍ ကျောက်ဆည်အသင်းဝင်မိသားစုများက အသက် (၇၅)နှစ်နှင့်အထက် ပုဂ္ဂိုလ်ကြီးများအား သက်ကြီးပူဇော်ကန်တော့မည်ဖြစ်သောကြောင့် ရန်ကုန်ရောက် ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦး မြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက် ကုသိုလ်ယူကြပါရန်နှင့် အလှူငွေများ၊ လှူဖွယ်ပစ္စည်းများကို အသင်းတည်ရှိရာ ရုံးခန်းဖုန်း-၅၅၂၇၃၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။** (က-ပ)

## မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

## ပါကစ္စတန်၌ ဗုံးပေါက်ကွဲ၊ ၃၆ ဦးသေဆုံး

**ကရာချိ ဇူလိုင် ၁၉**

ပါကစ္စတန်နိုင်ငံတွင် ဇူလိုင် ၁၉ ရက်က ဗုံးပေါက်ကွဲမှုနှစ်ရပ်ဖြစ်ပွားရာ ၃၆ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

**<u>သေဆုံး</u>**

ပထမဗုံးပေါက်ကွဲမှုမှာ ကရာချိမြို့ မြောက်ဘက် ၂၃ မိုင်ခန့်အကွာ ဟုဘ်မြို့၌ ဖြစ်ပွားခြင်းဖြစ်ပြီး ၂၆ဦး သေဆုံးခဲ့သည်။ ဒုတိယဗုံးပေါက်ကွဲမှုမှာ ဟန်ဂူမြို့တွင်ဖြစ်ပြီး ၁၀ ဦးခန့်သေဆုံးကာ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။



## နယူးယောက်မြို့လယ်၌ ဓာတ်ငွေ့ပိုက်ပေါက်ကွဲ တစ်ဦးသေဆုံး၊ ၂၀ ဒဏ်ရာရ

နယူးယောက် ဇူလိုင် ၁၉

**အမေရိကန်နိုင်ငံ နယူးယောက်မြို့လယ်တွင် ဇူလိုင် ၁၉ ရက်မွန်းလွဲပိုင်းက မြေအောက်ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ**(ဝဲပုံ)**တစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာ ရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

<u>ပေါက်ကွဲ</u>

**ထိုသို့ပေါက်ကွဲမှုကြောင့် မြေကြီးများနှင့် ကျောက်ခဲများ လေထဲတွင် လွင့်ပျံခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လာခဲ့ရသည်။ အဆိုပါပိုက်လိုင်းမှာ နေအိမ်များအား အပူဓာတ်ပေးရာ ပိုက်လိုင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။**

## Myanmar Chigo Group Ltd. ကံစမ်းမဲဖွင့်ပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

Myanmar Chigo Group Ltd. ၏ ၂၀၀၇ခုနှစ် အထူးကံစမ်းမဲ ဖွင့်ပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

**<u>အမှာစကားပြောကြား</u>**

ရှေးဦးစွာ Myanmar Chigo Group Ltd. ဒါရိုက်တာ ဦးနေမျိုးအောင်က အမှာစကားပြောကြားသည်။

ထို့နောက် တစ်နှစ်အတွင်း ရောင်းအားအကောင်းဆုံးဆိုင်များ၊ ဝယ်ယူအားပေးသူများနှင့် အရောင်းဆိုင်များကို Myanmar Chigo Group Ltd. တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ကံစမ်းမဲလက်ဆောင်များ ချီးမြှင့်ကြသည်။**(ယာပုံ)**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ကံစမ်းမဲလက်ဆောင်များချီးမြှင့်သည်။

Myanmar Chigo Group Ltd.မှ ဖြန့်ဖြူးသော Chigo လေအေးပေးစက်များတွင် Mitsubishi Compressor များတပ်ဆင်ထားပြီး သုံးနှစ် အာမခံပေးထားသည်။ Servicing အနေဖြင့်လည်း အာမခံကာလအတွင်းလိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိသည်။

ထို့အပြင် Myanmar Chigo Group Ltd.သည် လက်ရှိတင်သွင်းနေသည့်ပစ္စည်းများအပြင်အရည်အသွေးကောင်းမွန်သော အခြား အီလက်ထရွန်နစ်ပစ္စည်းများကိုလည်း ထပ်မံတင်သွင်းဖြန့်ဖြူး ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




20-7 (11) 1 7/20/07, 2:04 AM

## The Live News ဂျာနယ် အမှတ်(၄၄)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁၉**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live Newsဂျာနယ် အမှတ်(၄၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ဇူလိုင်မိုးစက်များနှင့်အတူ ကြွေရက်စောခဲ့ရသူ ပြည်သူ့အချစ်တော်ဒွေး၊ မြန်မာ–ဆားဗီးယား–အင်္ဂလိပ်–ပါဠိ လေးဘာသာ အဘိဓာန်စာအုပ် ဆားဗီးယားသံရုံးမှ ထုတ်ဝေမည်၊ ဒီလိုလေးတွေရှိတတ်၍ ဒါလေးတွေသတိပြုပါ၊ တောင်ခြေပိဋကတ်တိုက်၊ မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ၊ ကျေးလက်တေးလည်း မှားတတ်သည်၊ လမ်းအမည်နှစ်ခုပေါင်းထားတဲ့ သိမ်ဖြူလမ်း၊ မြွေမြီးဆွဲ–ဘုရှ် အီရတ်ကို ဘယ်တော့လက်လွှတ်မလဲ၊ အဖြေမရှိသည့်ပဟေဠိကိုဆိုဗိုနှင့် အင်အားနိုင်ငံရေး၊ အမေရိကန်တပ်ဖွဲ့များ အီရတ်မှလာမည့် နွေဦးပေါက်တွင် ဆုတ်ခွာရန် အောက်လွှတ်တော်၌ မဲခွဲဆုံးဖြတ်၊ သမားရိုးကျတပ်ဖွဲ့စာချုပ်မှ ရုရှားနုတ်ထွက်၊ အင်တာနက်ဝက်ဘ်ဆိုက်တွေမှာ ပေါ်လာပြန်တဲ့ ဘင်လာဒင်၊ တက္ကစီမင်းနှင့် ရုပ်ရှင်မင်းသမီး ဗဟုသုတ၊ ၂၀၀၇ ခုနှစ် ဇူလိုင်လ ၂၁ ရက်မှ ဇူလိုင်လ ၂၇ ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာကံဇာတာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ မိုးမြင့်လွင်၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ် အရပ်ရပ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

**ဆက်သွယ်နိုင်**

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပန်းတစ်ပွင့်တောင် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဂုဏ်ပြုပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ပဓာနနာယကချုပ် ပန်းတစ်ပွင့်တောင် ဆရာတော် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရနှင့် ဝါဆိုသံဃာ၊ သာမဏေများအား (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့်ပန်းတစ်ပွင့်တောင် လျှပ်စစ်မီး အလှူရှင်များ ဆွမ်း၊ ဆေးထာဝရ ပဒေသာပင် အလှူရှင်များ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အလှူရှင်များအား ဂုဏ်ပြုပွဲကို (ဝါဆိုလပြည့်နေ့) ဇူလိုင် ၂၉ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၃၀၀၀နှင့် ဆွမ်း၊ ဆေး၊ ပညာရေး ပဒေသာပင် တစ်ပင်လျှင် ငွေကျပ်တစ်သောင်းဖြင့် လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင် ဆရာတော်ဖုန်း– ၀၉–၅၁–၉၃၈၄၅၊ ဦးမြင့်စိုး ဖုန်း–၆၆၂၃၂၈၊ ဦးကျော်ဝင်း ဖုန်း–၆၄၂၆၂၅၊ ဦးကျော်လွင် ဖုန်း–၆၉၀၁၃၉၊ ဒေါ်တင်တင်ဝင်း ဖုန်း–၆၄၃၅၈၁၊ ဒေါ်ထက်ထက်အေး ဖုန်း–၅၇၉၈၀၅နှင့် ဒေါ်ခင်မိုးလွင် ဖုန်း–၅၀၃၉၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အလှူရှင်များ နံနက် ၉ နာရီအရောက် လာရောက်ပါရန် ဝေယျာဝစ္စအဖွဲ့အား နှိုးဆော်ထားသည်။

**(က–ပ)**



**တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံကြီးတွင် ကိန်းဝပ်စံပယ်သော မဟာမုနိ မြတ်စွာဘုရားရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ ပထမအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးသော အရံစေတီတော်ရှစ်ဆူအား ရွှေထီးတော်တင်လှူမင်္ဂလာနှင့် (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူဒါန်းခြင်းကို ဇူလိုင် ၁၅ရက်က ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံကြီး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်က သြဝါဒါစရိယ ဆရာတော်ထံ ရွှေထီးတော်ဆက်ကပ်လှူဒါန်းစဉ်။** (၂၀၀)

## မူးယစ်ကင်းစင် အလှဆင်

## ရမ်းဗြဲမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

**ရန်ကုန် ဇူလိုင် ၁၉**

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)မှ တိပိဋကဓရ တိပိဋကကောဝိဒ ရမ္မာဝတီ ဆရာတော် ဘဒ္ဒန္တ ကုန္ဒပါလအား အမှူးထား၍ ကျောင်းထိုင်ဆရာတော်ကြီး၆၄ပါး၊ သီလရှင်ဆရာကြီးသုံးပါးတို့အား စတုတ္ထအကြိမ်စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၈ရက် မွန်းလွဲ၂နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ရမ်းဗြဲမြို့နယ် ဇာတိဖွား ကျောင်းထိုင်ဆရာတော်ကြီးများနှင့် သီလရှင် ဆရာကြီးများ ကြွရောက်ကြပါရန်နှင့် ရမ်းဗြဲမြို့သူမြို့သားများနှင့် စေတနာရှင်များ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး သင်္ကန်းနှင့် အလှူငွေများကို အသင်းဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း–၅၁၃၄၆၂၊ ဒုဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း–၀၉–၉၉–၂၄၃၆၃၊ ဦးဘိုးတင် ဖုန်း–၂၉၀၃၅၅၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး (အောင်သရဖူ)ဖုန်း–၀၉–၅၀–၁၄၂၆၄၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းကြည် (ဘုရင့်နောင်)ဖုန်း–၆၅၂၁၆၇၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း–၂၅၄၂၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

# အသက်(၁၈)နှစ်အောက် အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲ သက်ကိုကိုလတ်(မွန်ပြည်နယ်)သုံးနှစ်ဆက်တိုက် အနိုင်ရဗိုလ်စွဲ

**သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)**

**ရန်ကုန် ဇူလိုင် ၁၉**

အားကစားဝန်ကြီးဌာနအားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် အကြိမ်(၂၀)မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲများနှင့် အသက်(၁၈)နှစ်အောက်



**"အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းကိုရှုံးပြီး ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရ"**

ဦးဖုန်းနိုင်
အသင်းအုပ်ချုပ်သူနှင့်နည်းပြဆရာ
(ပဲခူးတိုင်း)

အမျိုးသားနှင့် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပရာ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် မွန်ပြည်နယ်မှ လက်ရှိချန်ပီယံ သက်ကိုကိုလတ်က ရဲအောင်နိုင် (ရန်ကုန်တိုင်း) ကို လေးပွဲ–ပွဲမရှိဖြင့် အနိုင်ရပြီး သုံးနှစ်ဆက်တိုက် ဗိုလ်စွဲသွားပြီး ရဲအောင်နိုင် ဒုတိယရရှိသည်။

သက်ကိုကိုလတ်သည် အသက် ခုနစ်နှစ်အရွယ်မှစတင်၍ (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲမှစပြီး ယခုအကြိမ်(၂၀)မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ (၇)ကြိမ်ပါဝင်ခဲ့ရာ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခုရရှိထားပြီး၊ ရဲအောင်



**"လူရွေးရာတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားပြိုင်ပွဲမှ လူရွေးချယ်ခဲ့ခြင်းဖြစ်"**

ဦးမြင့်ဦး
အသင်းအုပ်ချုပ်သူ(ကရင်ပြည်နယ်)

နိုင် (ရန်ကုန်တိုင်း)နှင့်အတူ မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံထားရသူဖြစ်သည်။ သူသည်အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံများတွင် ကျင်းပသည့် အာဆီယံလူငယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲများနှင့် အာရှဥရောပ စားပွဲတင်တင်းနစ်ပြိုင်ပွဲများ၌ ပါဝင်ကစားခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရှိသူ ဖြစ်သည်။ သူသည် ယခုပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း၊ အမျိုးသား တံခွန်စိုက်ပြိုင်ပွဲများတွင် ဆက်လက်ပါဝင် ယှဉ်ပြိုင်လျက်ရှိသည်။

**တက်ရောက်**

ပြည်နယ်နှင့်တိုင်း အမျိုးသမီး ပထမအကြို ဗိုလ်လုပွဲတွင် လက်ရွေးစင်

**အမျိုးသား အသက်(၁၈)နှစ်အောက် တစ်ဦးချင်း ပြိုင်ပွဲတွင် အသက် ၁၄နှစ်ရှိ သက်ကိုကိုလတ်(မွန်ပြည်နယ်)အား ဗိုလ်လုပွဲအပြီး၌ တွေ့ရစဉ်။** (မြန်မာ့အလင်း)



ဟောင်း လုလုဝင်း (ရန်ကုန်တိုင်း)က လက်ရှိ မြန်မာ့လက်ရွေးစင် ဆွေဆွေဟန် (ရန်ကုန်တိုင်း)ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး လေးပွဲ–သုံးပွဲဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီး ဒုတိယအကြိုဗိုလ်လုပွဲတွင် စန္ဒာမိုး (ရန်ကုန်တိုင်း)က အသက်(၁၈)နှစ်အောက် အမျိုးသမီးတစ်ဦးချင်း ချန်ပီယံ အေးမြတ်သူ(မွန်ပြည်နယ်)ကို လေးပွဲ–နှစ်ပွဲဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး ဗိုလ်လုပွဲတွင် ရန်ကုန်သူ လုလုဝင်းနှင့် ယှဉ်ပြိုင်ဆင်နွှဲရမည်ဖြစ်သည်။

**တွေ့ဆုံ**

မြန်မာ့အလင်းသတင်းအဖွဲ့သည် အသက်(၁၈)နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ပဲခူးတိုင်းမှ အုပ်ချုပ်သူနည်းပြအဖြစ် လိုက်ပါဆောင်ရွက်သူ ဦးဖုန်းနိုင်နှင့် ကရင်ပြည်နယ်အသင်း အုပ်ချုပ်သူ ဦးမြင့်ဦးတို့နှင့်တွေ့ဆုံ၍ ပါဝင်ယှဉ်ပြိုင်မှု အခြေအနေ၊ ပြိုင်ပွဲအခြေအနေများကို တွေ့ဆုံမေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်။

**ပါဝင်ယှဉ်ပြိုင်**

ပဲခူးတိုင်းအသင်း အုပ်ချုပ်သူ ဦးဖုန်းနိုင်က **"မိမိတို့ ယခုပြိုင်ပွဲတွင် အမျိုးသားငါးဦးနှင့် အမျိုးသမီး ငါးဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ လူရွေးချယ်ရာတွင် ပဲခူး၊ သာယာဝတီ၊ ပြည်နှင့် တောင်ငူခရိုင်ပေါင်းစုံပြိုင်ပွဲမှ လူရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် လက်ရှိမြန်မာ့လက်ရွေးစင်နှင့် လက်ရွေးစင်ဟောင်းများပါဝင်သည့် ရန်ကုန်တိုင်းအသင်းကို ရှုံးနိမ့်ပြီး ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရကြောင်း၊ မိမိတို့ ယခုအခါ ပြည်နယ်နှင့်တိုင်း၊ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲများတွင် မိမိတို့ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း"** မြန်မာ့အလင်း သတင်းအဖွဲ့သို့ ရှင်းပြသွားသည်။

ကရင်ပြည်နယ်အသင်း အုပ်ချုပ်သူ ဦးမြင့်ဦးက မိမိတို့ ယခုပြိုင်ပွဲတွင် အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ လူရွေးချယ်ရာ၌ ဇွန်လတွင် ကျင်းပသည့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားပြိုင်ပွဲမှ လူရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး လက်ရှိချန်ပီယံ ရန်ကုန်တိုင်းနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး ပွဲငယ်တွင် နှစ်ပွဲ–တစ်ပွဲဖြင့် အနိုင်ရရှိနေသော်လည်းမိမိတို့နှစ်ပွဲဆက်တိုက်ရှုံးသွား၍ သုံးပွဲ–နှစ်ပွဲဖြင့် ရှုံးကာ တတိယဆုနှင့်သာ ကျေနပ်ခဲ့ရကြောင်း၊ ယခုအခါ မိမိတို့ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း မြန်မာ့အလင်းသတင်းအဖွဲ့သို့ ရှင်းပြသွားသည်။

**ဆက်လက်ယှဉ်ပြိုင်**

ဇူလိုင် ၂၀ ရက် **(ယနေ့)** နံနက် ၈နာရီတွင် ပြည်နယ်နှင့်တိုင်းပြိုင်ပွဲများ၊ အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲနှင့် အမျိုးသား တံခွန်စိုက်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း စားပွဲတင်တင်းနစ် ဝါသနာအိုးများအား သတင်းစကားပါးအပ်ပါသည်။ ။

**(မြန်မာ့အလင်း)**

**အမျိုးသား အသက်(၁၈)နှစ်အောက် တစ်ဦးချင်း ဗိုလ်လုပွဲအား မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။** (မြန်မာ့အလင်း)





# အမြင့်ပျံငှက် မန်ယူရဲ့ တောင်ပံခတ်သံ

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဇူလိုင် ၁၉

**လာမယ့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုတွေကို အားကြိုးမာန်တက်ပြုလုပ်နေပြီဖြစ်တဲ့ မန်ယူဟာ လူသစ်လူဟောင်းတွေကို လေ့ကျင့်ရေးကွင်းမှာ အသင်းစည်းလုံးမှုရှိရေးနဲ့ အံဝင်ခွင်ကျဖြစ်ရေးကို ဦးစားပေးပြီး လေ့ကျင့်နေပြီဖြစ်ပါတယ်။**



မန်ယူကို ကစားဟန်အသစ် ပုံဖော်နေသည့် ဖာဂူဆန်။
(ဓာတ်ပုံ-အင်တာနက်)

ဒါ့အပြင် ရာသီအကြိုခြေစမ်းပွဲတွေကို စတင်လှည့်လည်ကစားနေပြီဖြစ်လို့ မန်ယူရဲ့လက်ရှိခြေစွမ်းကို ပရိသတ်တွေ ကြိုတင်မြင်တွေ့ခွင့်ရနေပြီဖြစ်ပါတယ်။ အခုခြေစမ်းပွဲတွေမှာ ဒီနှစ်နွေရာသီက အသစ်ခေါ်ယူထားတဲ့ ကစားသမားတွေကို ထည့်မသုံးသေးတာမို့ ဖာဂူဆန်ဟာ မန်ယူလူသစ်တွေရဲ့ခြေစွမ်းကို ဝှက်ထားပုံရတယ်လို့ ဆိုနေကြပါတယ်။

## ဖြည့်ဆည်း

လာမယ့် ပရီမီယာလိဂ်မှာ လက်ရှိချန်ပီယံဖလားကို ကာကွယ်ဖို့အတွက် လူသစ်တွေကို ဖြည့်ဆည်းခဲ့ပြီး ဖြစ်သလို နည်းစနစ်ပိုင်းမှာလည်း ပြင်ဆင်ပြောင်းလဲကစားသွားမယ်လို့ မန်ယူနည်းပြဖာဂူဆန်က ပြောကြားလိုက်ပါတယ်။

## ပြောင်းလဲ

မန်ယူအသင်းဟာ ဥရောပ၊ အာရှနဲ့ တောင်အမေရိကတွေက ဘောလုံးသမားတွေနဲ့ ဖွဲ့စည်းထားတာမို့ နည်းစနစ်ပိုင်းမှာလည်း ပြောင်းလဲဖို့ လိုအပ်လာပြီဖြစ်ပါတယ်။

ဖာဂူဆန်က လာမယ့် ဘောလုံးရာသီမှာ မန်ယူအသင်းဟာ တောင်အမေရိကနဲ့ ဥရောပနည်းစနစ်တွေကို ပေါင်းစပ်ပြီး အကောင်းဆုံး ဗျူဟာတွေနဲ့ ခင်းကျင်းကစားသွားမယ်လို့ ဆိုနေပါတယ်။ ဖာဂူဆန်ဟာ အခုနွေရာသီမှာ အသစ်ခေါ်ယူလိုက်တဲ့ ဟားဂရေ့ဗ်၊ နာနီတို့ကို အခုကတည်းက သေသေချာချာ လေ့ကျင့်မှုတွေ ပေးနေပါပြီ။

## ထူးခြား

ဘောလုံးသမားတိုင်းရဲ့စိတ်ဓာတ်ပိုင်းနဲ့ စွမ်းရည်ပိုင်းတွေ တိုးတက်မြင့်မားအောင် တစ်ပြိုင်နက်တည်း လေ့ကျင့်ပေးနေတဲ့ ဖာဂူဆန်ဟာ သူတွေ့ဖူးသမျှ နည်းပြတွေထဲမှာ ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်လို့ မန်ယူကို အသစ်ရောက်ရှိလာတဲ့ နာနီက ပထမဆုံးထုတ်ဖော်ပြောကြားမှုပြုလိုက်ပါတယ်။

## ကိုင်တွယ်

ဖာဂူဆန်ဟာ မန်ယူကစားကွက်ဗျူဟာအခင်းအကျင်းကို စိတ်ကြိုက်လုပ်ဆောင်လို့ရပေမယ့် နည်းစနစ်ပိုင်းမှာတော့ မန်ယူရဲ့ နည်းစနစ်ရေးရာအဖွဲ့ရဲ့ အကြံပြုချက်တွေကိုတော့ လက်ခံရပါလိမ့်မယ်။ ဒါပေမယ့် မန်ယူအသင်းကို နှစ်ပေါင်း၂၀ကျော်ကြာ တစ်ဆက်တည်း ကိုင်တွယ်ခဲ့တဲ့ ဖာဂူဆန်ကိုတော့ ဒီအဖွဲ့က လေးစားမှုရှိပြီး လုပ်ပိုင်ခွင့် အများအပြား ပေးထားပါတယ်။

## စောင့်ကြို

မန်ယူကို ရောက်ရှိလာတဲ့ ဘောလုံးသမားတွေဟာ လူငယ်တွေဖြစ်ပြီး စိတ်ဓာတ် အလွန်အမင်းတက်ကြွနေကြတဲ့သူတွေမို့ ဖာဂူဆန် သတိထားကိုင်တွယ်ရင်တော့ မန်ယူအတွက် အကျိုးရလဒ်တွေက စောင့်ကြိုနေမှာပါ။

## အခင်းအကျင်း

လာမယ့်ရာသီအတွက် ကြိုတင်အခင်းအကျင်းအနေနဲ့ ရှေ့တန်းမှာ တိုက်စစ်အတွဲအဖြစ် ရွန်နေနဲ့ တီဗက်ဇ်ကို အဓိကတိုက်စစ်မှူးတွေအဖြစ် ထားရှိကစားမှာဖြစ်တယ်လို့ ဖာဂူဆန်က ဆိုနေပါတယ်။

## စီစဉ်

ရွန်နေရော တီဗက်ဇ်ပါ တစ်ဖက်အသင်းနောက်တန်းကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ထိုးဖောက် ကစားနိုင်သူတွေဆိုတော့ သူတို့ရဲ့အတိုးအလျှော့ကြောင့် ဖြစ်ပေါ်လာမယ့် ကွက်လပ်တွေကနေ အလယ်တန်းမှာ ရှိနေတဲ့ အိုဝင်ဟားဂရေ့ဗ်စ်၊ ပေါလ်စခိုး၊ နာနီနဲ့ မိုက်ကယ်ကာရစ်တို့က ဂိုးရအောင် သွင်းယူဖို့အတွက် မန်ယူက လေ့ကျင့်နေပြီ ဖြစ်ပါတယ်။

ဖာဂူဆန်ဟာ တိုက်စစ်ဖွင့် ကစားပေမယ့် နောက်တန်းခံစစ်မှူးတွေကို အထိုင်ကစားခိုင်းမယ်လို့ ဆိုနေပါတယ်။

ပြီးခဲ့တဲ့နှစ် တန်ပြန်တိုက်စစ်ကတစ်ဆင့် ပေးခဲ့ရတဲ့ ဂိုးတွေဟာ ထက်ဝက်လောက်ရှိနေတာမို့ နောက်တန်းခံစစ်မှူးတွေ အလွန်အကျွံတိုက်စစ်ကို လိုက်ပါခိုင်းမှာ မဟုတ်ပါဘူးလို့လည်း ဖာဂူဆန်က ပြောကြားနေပါတယ်။

## ဝန်မလေး

နောက်ပြီး အသစ်ခေါ်ယူလိုက်တဲ့ ကစားသမားတွေကို ပွဲချိန်ပြည့်ပါဝင်ကစားခိုင်းမှာဖြစ်ပြီး သူတို့ဟာ အသင်းနဲ့ အလျှင်အမြန်အသားကျမယ်ဆိုရင်တော့ ပထမဦးစားပေး ကစားသမားနေရာကိုရဖို့ ဝန်မလေးဘူးလို့လည်း ဖာဂူဆန်က ဆိုနေပါတယ်။

## တောင်ပံခတ်သံ

လာမည့်ဘောလုံးရာသီမှာ ပွဲအစကတည်းက ပရီမီယာလိဂ် တန်းစီဇယား ထိပ်ဆုံးကနေပြီး တောက်လျှောက် ဦးဆောင်သွားရေး အတွက်လည်း ဖာဂူဆန်က ပြင်ဆင်နေပြီဖြစ်ပါတယ်။ လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ် သရဖူကို ကာကွယ်ဖို့ဆိုတာ အရင်နှစ်တွေကထက် ပိုမိုခက်ခဲမယ်ဆိုတာ ယုံကြည်ထားတဲ့ ဖာဂူဆန်ဟာ ပြိုင်ဘက်အသင်းတွေရဲ့ လှုပ်ရှား ပြင်ဆင်မှုတွေကိုလည်း အမြဲတမ်း လေ့လာနေတာမို့ လာမယ့်ပရီမီယာလိဂ် ရာသီခရီးကို ပျံသန်းတော့မယ့် အမြင့်ပျံငှက်မန်ယူရဲ့တောင်ပံခတ်သံကို တင်ပြလိုက်ရပါတယ်။ ။

**(ကိုးကား-အင်တာနက်)**

## အင်တာနက် အားကစားသတင်း အတိုအထွာ

✳ **မန်ယူနောက်ခံလူ ဟိန်းဇ်အား လီဗာပူးအသင်းက ပေါင်ခြောက်သန်းပေးပြီး ခေါ်ယူရန်ကမ်းလှမ်းမှုကို မန်ယူကလပ်က ပယ်ချလိုက်သည်။**

✳ အဲဗာတန်တိုက်စစ်မှူး ဗာယူဂန်သည် ဇူလိုင် ၁၈ရက်က ရာသီအကြိုခြေစမ်းပွဲအဖြစ် ပရီစတန်အသင်းနှင့် ကစားသည့်ပွဲ၌ ပခုံးဒဏ်ရာရရှိခဲ့သဖြင့် နှစ်လခန့် အနားယူရမည်ဖြစ်ကြောင်း အဲဗာတန်ကလပ်က ပြောကြားသည်။

✳ **ဒူဘိုင်း၌ ဇူလိုင်၁၇ရက်ကကျင်းပသည့် မာရသွန်ခရီးတစ်ဝက် အပြေးပြိုင်ပွဲတွင် ကင်ညာအပြေးသမား ဆမ်မိုင်ဝမ်ဂျီလူက ၅၈မိနစ် ၃၃စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်အသစ် တင်နိုင်ခဲ့သည်။** (အင်တာနက်)

## ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ-မြင့်မောင်စိုး

# အာရှဖလားဘောလုံးပြိုင်ပွဲ ဗီယက်နမ် ကွာတားတက်ရောက် လက်ရှိချန်ပီယံဂျပန် ဗိုလ်စွဲရန် အလားအလာကောင်း

ဟန္နိုင်း ဇူလိုင် ၁၉

**အာရှဖလား ၂၀၀၇ ဘောလုံးပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ ဇူလိုင် ၁၈ရက်က အုပ်စုပွဲများ ကျင်းပပြီးစီးသွားပြီ ဖြစ်သည်။**

ယခုနှစ် အာရှဖလား ဘောလုံးပြိုင်ပွဲများကို ဇူလိုင် ၇ ရက်က စတင်ကျင်းပခဲ့ခြင်း ဖြစ်သည်။ ထူးခြားသည်မှာ အဆိုပါ အာရှဖလားပြိုင်ပွဲကို ယခုနှစ်တွင် အာဆီယံနိုင်ငံများဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများက အိမ်ရှင်များအဖြစ် ပူးတွဲကျင်းပခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။

## အတွေ့အကြုံကောင်း

ထိုသို့ အာဆီယံနိုင်ငံများက အာရှဖလားကို ကျင်းပခွင့်ရခဲ့ခြင်းကြောင့် အရှေ့တောင်အာရှ ဘောလုံးအသင်းများအတွက် အတွေ့အကြုံကောင်းများ ရရှိစေခဲ့သည်။

အာရှဖလား အုပ်စုပွဲစဉ်များအပြီး အိမ်ရှင်ဗီယက်နမ်နိုင်ငံတစ်သင်းသာ ကံကောင်းထောက်မစွာဖြင့် ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။

## အုပ်စုပထမရ

အုပ်စု(က)မှ အီရတ်အသင်းနှင့် ဩစတြေးလျအသင်းတို့ ကွာတားဖိုင်နယ်တက်လာသည်။ အီရတ်အသင်းသည် အိုမန်နှင့် ဂိုးမရှိသရေကစားပြီး ဩစတြေးလျကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ အုပ်စုပထမရခဲ့သည်။

ဩစတြေးလျအသင်းသည် အိမ်ရှင်ထိုင်းကို လေးဂိုး-ဂိုးမရှိ၊ အိုမန်ကို တစ်ဖက်တစ်ဂိုးစီ သရေကစားပြီး ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယရခဲ့သည်။

## အလားအလာရှိ

အုပ်စု(ခ)မှ ဂျပန်နှင့် အိမ်ရှင် ဗီယက်နမ်တို့ ကွာတားဖိုင်နယ်တက်လာသည်။ လက်ရှိချန်ပီယံဂျပန်အသင်းသည် ဗီယက်နမ်ကို လေးဂိုး-တစ်ဂိုး၊ ယူအေအီးကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ကာတာအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ဂျပန်အသင်းသည် ရမှတ် ခုနစ်မှတ်ဖြင့် အုပ်စုပထမရခဲ့သည်။ ၎င်းအသင်းသည် ဗိုလ်စွဲရန် အလားအလာအရှိဆုံးဖြစ်သည်။

## တက်ရောက်

ဗီယက်နမ်အသင်းသည် ဂျပန်ကို ရှုံးသော်လည်း ကာတာနှင့် တစ်ဖက်တစ်ဂိုးစီ သရေကစားပြီး ယူအေအီးကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားနိုင်ခဲ့၍ အုပ်စုဒုတိယရခဲ့သည်။

ဗီယက်နမ် အသင်းသည် ၄၇နှစ်တာအတွင်း ပထမဆုံးအကြိမ် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခြင်းဖြစ်သည်။

## နိုင်ခဲ့

အုပ်စု(ဂ)တွင် အီရန်နှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ကွာတားဖိုင်နယ်တက်လာသည်။ အီရန်ကနှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ် ခုနစ်မှတ်ရရှိကာ အုပ်စု ပထမရခဲ့သည်။ အီရန် အသင်းသည် ဇူလိုင် ၁၈ရက်က မလေးရှားကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

## ရရှိ

ယင်းအုပ်စုမှ ဥဇဘက်ကစ္စတန် အသင်းသည် တရုတ်အသင်းကို သုံးဂိုးပြတ်ဖြင့်နိုင်ခဲ့သည်။ ၎င်းအသင်းသည် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးပြီး ရမှတ်ခြောက်မှတ် ရရှိခဲ့၍ အုပ်စုဒုတိယရခဲ့သည်။

## တက်ရောက်

အုပ်စု(ဃ)တွင် ဆော်ဒီအာရေဗျနှင့် တောင်ကိုရီးယားအသင်းတို့သည် ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့သည်။

## ပွတ်ကာသီကာနိုင်

ဇူလိုင်၁၈ရက်က ဆော်ဒီအသင်းသည် ဘာရိန်းကို လေးဂိုးပြတ်ဖြင့်နိုင်ခဲ့သည်။ ထိုနေ့က တောင်ကိုရီးယားအသင်းသည်လည်း အိမ်ရှင် အင်ဒိုနီးရှားအသင်းကို ပွတ်ကာသီကာ တစ်ဂိုးတည်းဖြင့်ကပ်နိုင်ပြီး ကွာတားတက်နိုင်ခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားအသင်းသည် အုပ်စုသုံးပွဲကစားရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ်လေးမှတ်သာရရှိခဲ့ပြီး အုပ်စုဒုတိယရရှိခဲ့ခြင်းဖြစ်သည်။

## ယှဉ်ပြိုင်

အဆိုပါ အာရှဖလား ကွာတား ဖိုင်နယ်ပွဲစဉ်များကို ဇူလိုင်၂၁ရက်နှင့် ၂၂ရက်များတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

## ကွာတားဖိုင်နယ်ပွဲစဉ်များ

**ဇူလိုင် ၂၁ရက်**

| | | |
|---|---|---|
| ဂျပန် | နှင့် | ဩစတြေးလျ |
| အီရတ် | နှင့် | ဗီယက်နမ် |

**ဇူလိုင် ၂၂ရက်**

| | | |
|---|---|---|
| ဆော်ဒီအာရေဗျ | နှင့် | ဥဇဘက်ကစ္စတန် |
| အီရန် | နှင့် | တောင်ကိုရီးယား |

(အင်တာနက်)

**ထိုင်းအသင်းကိုအနိုင်ရပြီး ဩစတြေးလျ ကစားသမားများ ဤကဲ့သို့ အောင်ပွဲခံခဲ့ကြသည်။**
(ဓာတ်ပုံ-အင်တာနက်)



## မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး ခရိုင်အလိုက် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးရှင်းလင်း

မန္တလေး ဇူလိုင် ၁၂

**မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင်၇ရက် နံနက် ၈နာရီက မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဌာနကြီးငါးခုနှင့် လုပ်ငန်းအဖွဲ့ငါးဖွဲ့တို့မှ ခေါင်းဆောင်များ၊ မန္တလေးတိုင်းအတွင်းရှိ ခရိုင်ရှစ်ခရိုင်နှင့် မြို့နယ် ၃၃မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရှင်းလင်း**

အခမ်းအနားတွင် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး**(အပေါ်ယာပုံ)** မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်သောင်းနှင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၏ မိန့်ခွန်းကိုဖတ်ကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက ခရိုင်အလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။






**ဆွေးနွေး**

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးက ၂၀၀၇ခုနှစ်အတွင်း ဆောင်ရွက်သွားရမည့်ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဌာနကြီးငါးခုနှင့် လုပ်ငန်းအဖွဲ့ငါးဖွဲ့တို့မှ ခေါင်းဆောင်များက ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

**အမှာစကား**

ထို့နောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု တာချီလိတ်၌ မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်

တာချီလိတ် ဇူလိုင် ၇

**၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲ၊ ပြိုင်ပွဲကို ဇူလိုင်၁ရက် ည၇နာရီက အောင်မြတ်ခန်းမတွင် ကျင်းပသည်။**

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၏ ဇနီး ဒေါ်သင်းသင်းရည်၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းအေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းရွှေနှင့်အဖွဲ့ဝင်များ၊ အကဲဖြတ်ဒိုင်လူကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ပြိုင်ပွဲတွင် ရပ်ကွက်များမှ အမျိုးသမီး ၁၄ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုများချီးမြှင့်ရာ ဒေါ်သင်းသင်းရည်က ပထမဆုရရှိသော ဝမ်ကောင်းရပ်ကွက်မှ မဒဗလျူခေါင်နန်အားလည်းကောင်း**(ယာပုံ)**၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းအေးက ဒုတိယဆုရရှိသော ဆန်ဆိုင်း (ခ)ရပ်ကွက်မှ မနန်းရွှေရည်ဖူးအား လည်းကောင်း၊ အဖွဲ့ဝင် ဒေါ်သိန်းသိန်းအေးက တတိယဆုရရှိသော ဆန်ဆိုင်း အထကမှ မနန်းရှုန်လာတို့အားလည်းကောင်း ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ထောက်ပံ့

**ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစု ပညာသင်စရိတ်ပေးအပ်ပွဲကို ဇွန် ၁၄ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင်ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက ဝန်ထမ်း သားသမီး ၃၃ဦးအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းငါးရာကို ထောက်ပံ့ပေးအပ်စဉ်။**

(မြို့နယ် ပြန်/ဆက်)

## သထုံခရိုင် ပြန်/ ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်း

သထုံ ဇူလိုင် ၉

**သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၇ရက် နံနက် ၉နာရီခွဲက ခရိုင်ရုံးတွင်ကျင်းပရာ အခမ်းအနားသို့ ခရိုင်ဦးစီးအရာရှိ ဦးစိုးညွှန့်၊ မြို့နယ်ဦးစီးမှူးများနှင့်ခရိုင်ရုံး ဝန်ထမ်းများ တက်ရောက်ကြသည်။**

**လက်ဆောင်ပေးအပ်**

ထို့နောက် ၂၀၀၆-၂၀၀၇ ခုနှစ်က သထုံခရိုင်တွင် စာကြည့်တိုက်အဆောက်အအုံ အများဆုံးဖြစ်အောင် စည်းရုံးဆောင်ရွက်နိုင်ခဲ့သည့် ကျိုက်ထိုမြို့နယ် ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် ပေါင်မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးတို့အား ခရိုင် ဦးစီးအရာရှိက ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

**ကွင်းဆင်းဆောင်ရွက်**

ထို့ပြင် ဘီးလင်းမြို့နယ်ရုံးမှ ရပ်/သံကျွမ်းကျင်(၃) ဦးစောချစ်သန်းသည် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး၊ ထူထောင်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော်ရေး တို့တွင် တက်ကြွစွာ ကွင်းဆင်းဆောင်ရွက်ခဲ့သဖြင့် ခရိုင်ဦးစီးအရာရှိသည် ညွှန်ကြားရေးမှူးချုပ် ထံမှလက်ခံရရှိသော ဂုဏ်ပြုလက်ဆောင် လွယ်အိတ်ကို ဦးစောချစ်သန်းအား**(အောက်ပုံ)** ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## မြို့နယ် သတင်းများ

## မင်းတိုင်ပင်စံပြကျေးရွာချင်းဆက်လမ်း မြေနီခင်း

မင်းတိုင်ပင် ဇူလိုင် ၅

ကျေးလက် ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်တွင်ပထမအချက်ဖြစ်သော လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် အချက်ကို အလေးထား၍ ပုလဲမြို့နယ် မင်းတိုင်ပင် စံပြကျေးရွာနှင့်ငှက်ပျောတောကျေးရွာ ဆက်သွယ်သည့်ကျေးရွာချင်းဆက်လမ်းကို ဇွန် ၁ရက်က မြေနီလမ်းခင်းခြင်း လုပ်ငန်း စတင်ဆောင်ရွက်ကြသည်။

အဆိုပါ လမ်းမှာ အလျားပေ၇၂၀၀၊ အကျယ်ပေ ၂၀ ရှိပြီး လမ်းပြုပြင်နိုင်ရန်အတွက် မင်းတိုင်ပင် စံပြကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်နှင့်အလှူရှင် ၆၇ဦးက အလှူငွေကျပ် ၆၆၆၀၀၀၊ ငှက်ပျောတော ကျေးရွာ အေး ချမ်း သာ ယာ ရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးကျော်မင်းနိုင်နှင့် အလှူရှင် ၁၂၁ဦးက အလှူငွေကျပ် ၁၅၂၄၅၀၀ တို့ဖြင့် ဇွန် ၂၇ရက်က အပြီး ဆောင်ရွက်ခဲ့ကြသည်။

*သွားလာနိုင်*

ယင်း လမ်းသည် ယခင် မိုးတွင်းကာလ၌ ခြေကျင်သာ သွားရောက်နိုင်ပြီး ယခုအခါ ရာသီမရွေး ယာဉ်များ၊ လှည်းများ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

## ရှိခေါဒါရ်မြို့တွင် ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်

**ဟားခါး ဇူလိုင် ၁၄**

ချင်းပြည်နယ် ရှိခေါဒါရ်မြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးအာလ်လျန်ထန်၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအေးလေးနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ဇူလိုင် ၁၀ရက်က အမှတ်(၁) ရပ်ကွက်တွင် ရေကန်ဆောက်လုပ်ခြင်းနှင့် ရေပိုက် သွယ်တန်းခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

**ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဦးသိန်းမင်း၊ စည်းကမ်းထိန်း(၄) ဦးမြင့်ဌေးနှင့် အဖွဲ့ဝန်ထမ်းများ ဇွန် ၂၇ရက်က လျှော်ပင်ဈေးတွင် မြင်းလှည်းများ စည်းကမ်းတကျရပ်နား ပြေးဆွဲမှု ရှိ မရှိ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



## သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားကာကွယ်ရေး ဟိုပန်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဟိုပန် ဇူလိုင် ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့တွင် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားရန် ဇွန် ၃၀ ရက် နံနက် ၇ နာရီက မြို့နယ်လုံးကျွတ် စုပေါင်းသန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ခြင်၊ ယင်များ ပေါက်ပွားနိုင်သည့်နေရာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ် စသည့်လုပ်ငန်းများကို ရပ်ကွက် (၁၀)ရပ်ကွက်နှင့် ဌာနဆိုင်ရာ ရုံး၊ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်းများတွင် တစ်ပြိုင်တည်း ဆောင်ရွက်ကြသည်။

ယင်းလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုနှင့် လုပ်ဆောင်မှုထိရောက်စေရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေး၊ မြို့နယ်ဆရာဝန် ဒေါက်တာမြင့်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ဦးနိုင်လွင်ထွန်းနှင့်အဖွဲ့ ဦးဆောင်သည့် မန်ကောင်း၊ မန်ခွန်ဈေးရပ်နှင့် ကောင်းဟုန်းရပ်ကွက်များသို့ လည်းကောင်း၊ မြို့နယ်မှူး ဦးလှဌေးနှင့်အဖွဲ့ ဦးဆောင်သည့် ပန်လုံလမ်း၊ မိန်းပန်းလွယ်၊ မိန်းပန်းရှမ်းရပ်ကွက် များသို့လည်းကောင်း၊ ရဲအုပ်ခင်စောမောင်နှင့်အဖွဲ့ ဦးဆောင်သည့် ရုံးကုန်း မန်မိုင်၊ နမ့်လျှံရပ်ကွက်များသို့ လည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သူများကို လိုက်လံအားပေးကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

20-7 (15) 1 7/20/07, 2:05 AM

# မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲ တောင်ကြီး၌ကျင်းပ

တောင်ကြီး ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ပြည်နယ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**စာတမ်းများဖတ်ကြား**

အခမ်းအနားတွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်မူမူမြင့်က မြန်မာအမျိုးသမီးများ၏ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အခွင့်အရေးများ၊ စိတ်ပညာဌာန ပါမောက္ခ (ဌာနမှူး)ဒေါ်ခင်မျိုးအောင်က နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းဆိုင်ရာ သိကောင်းစရာများ၊ မြန်မာစာဌာန ပါမောက္ခ (ဌာနမှူး)ဒေါက်တာ ဒေါ်ရင်ရင်သန်းက ရှေးခေတ် အမျိုးသမီး စာဆိုတော်ကြီးများ၏ ဂုဏ်ရည်၊ အရှေ့တိုင်း ပညာဌာန တွဲဖက်ပါမောက္ခ ဒေါ်ဇင်ဇင်ငြိမ်းက သူတော်ကောင်းလက္ခဏာနှင့်အမျိုးသမီးတို့၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် စာတမ်းများ ဖတ်ကြားကြသည်။

**ဂုဏ်ပြုလက်ဆောင်**

ဆက်လက် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ တာဝန်ခံ ဒေါ်နန်းဗိုခမ်းက စာတမ်းများအပေါ် သုံးသပ်ချက်ကို တင်ပြဆွေးနွေးပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် ဥက္ကဋ္ဌဒေါ်ဆွေဆွေမြင့်တို့က စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**

**ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဇူလိုင် ၄ ရက်က ဖြူးမြို့နယ် ကညွတ်ကွင်းဈေးကြီး အတွင်း သန့်ရှင်းရေးနှင့် မုန့်တန်းနှင့် သားငါးတန်းများ ဈေးရောင်းချမှု ကွင်းဆင်းစစ်ဆေးရာ ဈေးတာဝန်ခံက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



**ပဲခူးတိုင်း(အနောက်ပိုင်း) ပြည် တိုင်းရင်းဆေးရုံ၏ ခုနစ်နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ဆေးပဒေသာပင် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်က ပြည် တိုင်းရင်းဆေးရုံခန်းမ၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းဦး တက်ရောက်၍ အမှာစကားပြောကြားစဉ်။** (ခရိုင် ပြန်/ဆက်)



# ကျောက်မဲ၌ ထူးချွန်အမျိုးသမီးများ ဂုဏ်ပြုဆုချီးမြှင့်

ကျောက်မဲ ဇူလိုင် ၁၀

**မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် မေတ္တာမွန်ခန်းမ၌ ဇူလိုင် ၃ ရက် နံနက် ၈ နာရီကကျင်းပရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက အင်အားသစ်များနှင့်အတူ သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။**

**ရှင်းလင်း**

ရှေးဦးစွာ ကျောက်မဲခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေက မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ဆုချီးမြှင့်**

ထို့နောက် ကျောက်မဲခရိုင်အတွင်းရှိ ထူးချွန်အမျိုးသမီးများအား ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေက လည်းကောင်း၊ ကျောက်မဲမြို့နယ် အတွင်းရှိ ထူးချွန်အမျိုးသမီးများ အား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ချိုဦးက လည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်ကြပြီးကျောင်းသူလေးများက အင်အားသစ်များနှင့်အတူ သီချင်းဖြင့် သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(က-ပ)**



**ကြိုတင်ကာကွယ်**

**နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးစိုးလင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အမှည့်လွန် အသီးအနှံများ ရောင်းချခြင်းမပြုရန် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။** (မြို့နယ် ပြန်/ဆက်)

# ဟသ်ာတခရိုင် ထွေ/အုပ် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးနှင့် ဝန်ထမ်းဝတ်စုံပေးအပ်

ဟသ်ာတ ဇူလိုင် ၂

ဧရာဝတီတိုင်း ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီက ကြီးမှူး၍ ဝန်ထမ်း သားသမီးများ၏ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ် အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲနှင့် ဝန်ထမ်းဝတ်စုံများပေးအပ်ပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်တင်က အမှာစကား ပြောကြားပြီး ခရိုင်မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်က ဝန်ထမ်းနှင့် မိသားစုဝင် ၂၀ အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၆၈၀၀၀ ကို ပေးအပ်သည်။

ဆက်လက်၍ခရိုင်အုပ်ချုပ်ရေးမှူးက ခရိုင်ရုံးဝန်ထမ်း ၃၀အတွက် တန်ဖိုးငွေကျပ် ၃၂၁၀၀၀ ရှိ ဝတ်စုံများကို ပေးအပ်ရာ ဝန်ထမ်းများ ကိုယ်စား ဦးစီးအရာရှိ ဦးခင်မောင်ရီက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

**မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေး ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှော ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အဖွဲ့ပိုင်ဈေးများနှင့် မြို့ပေါ်ရပ်ကွက်များအတွင်း ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ ရက်က မြို့မဈေးအတွင်း ခြင်၊ ယင် နှိမ်နင်းရေးအတွက် ဆေးငွေ့ထုတ်စက်ဖြင့် ဆေးငွေ့ထုတ်လွှတ်မှုကို ဒုတိယဦးစီးမှူး (ဈေး)ဦးကျော်ဌေးဦးနှင့် ကျန်းမာရေးမှူး ဦးဘိုလင်းတို့ ကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**နတ်တလင်းမြို့နယ် စည်ပင် သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေး နှစ်ကျောက်ခွက်ကျေးရွာ နှစ်လက်မစက်ရေတွင်း တူးဖော်ဆောင်ရွက် ပြီးစီးမှုကို ဇွန် ၂၉ ရက်က နတ်တလင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မင်းဦးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။**



(မြို့နယ်စည်ပင်)


**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန**
**(အောက်မြန်မာပြည်)**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**e- Education Learning Centre**
**သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်**
**(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ**
**(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ**

၂၃-၇-၂၀၀၇ (တနင်္လာနေ့)
- ❑ Alphabet အက္ခရာ
  - ပထမနှစ် အရှေ့တိုင်းပညာအထူးပြု မြန်မာစာ၊ မြန်မာမှု၊ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Phobic disorders
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၄-၇-၂၀၀၇ (အင်္ဂါနေ့)
- ❑ Appliaction of Maxwell's Equation
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Electrophilic Addition to Unsaturated Carbon
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၂၅-၇-၂၀၀၇ (ဗုဒ္ဓဟူးနေ့)
- ❑ Electrophilic Aromatic Substitution
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Logic of Truth-Function
  - ဒုတိယနှစ်ဒဿနိကဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ

၂၆-၇-၂၀၀၇ (ကြာသပတေးနေ့)
- ❑ Business Organization
  - ပထမနှစ်စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Economic Development Concept and Measurement
  - တတိယနှစ်စီးပွားရေးပညာ၊ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၇-၇-၂၀၀၇ (သောကြာနေ့)
- ❑ The Application of Schroedinger's Equation
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Nuclear Binding Energy and Semi-Empirical Mass Formula
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၂၈-၇-၂၀၀၇ (စနေနေ့)
- ❑ Theory of Probability
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြု
- ❑ Probability Distributions
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Developing a Business Plan
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Sampling Distribution
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ အထူးပြု
- ❑ Straight Lines
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Complex Numbers
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Demand
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Income and Expenditure Account
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Business Environment
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Legal Forms & Business Organization
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု

၂၉-၇-၂၀၀၇ (တနင်္ဂနွေနေ့)
- ❑ Introduction to Statisites
  - ဒုတိယနှစ်ပြည်သူ့ရေးရာအထူးပြု
- ❑ Random Variables and Distribution Function
  - ဒုတိယနှစ်စီးပွားရေးအထူးပြု
- ❑ Index Numbers
  - ဒုတိယနှစ်စီးပွားရေးအထူးပြု
- ❑ Factor Markets
  - ဒုတိယနှစ်စီးပွားရေးအထူးပြု
- ❑ Income & Expenditure Account
  - ဒုတိယနှစ်စီးပွားစီးမံအထူးပြု
- ❑ Cost Accounting (Control of Material Cost)
  - ဒုတိယနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Random Variables and Distribution Function
  - ဒုတိယနှစ် စီးပွားရေးအထူးပြု
- ❑ The Family
  - ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Nutrition
  - ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Simple Random Sampling
  - ဒုတိယနှစ် စီးပွားရေးအထူးပြု

**ရန်ကုန်အဝေးသင်တက္ကသိုလ်**

ပထမနှစ်နှင့်ဒုတိယနှစ်သင်တန်း(စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာနှင့် အိမ်တွင်းစီးပွား အထူးပြု) ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများကို ၁-၇-၂၀၀၇ ရက်မှ ၁၄-၁၀၂၀၀၇ရက်အထိ စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ထုတ်လွှင့်ပေးပါမည်ဖြစ်ပါ၍ မိမိတို့နှင့်အနီးစပ်ဆုံး သင်ယူမှုဌာနသို့ သွားရောက် သင်ယူနိုင်ကြပါသည်။



မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)ကကြီးမှူး၍အသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၈ရက်က ဗဟန်းမြို့နယ် အာဇာနည်လမ်း ဘီအိုစီ ပိဋကတ်တိုက်ကျောင်း၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် အသင်းသားများက ဝါဆိုသံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က–ပ)

## တိုက်ကြီးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၁၉**

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၂ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အသင်းဓမ္မာရုံဗဟိုလမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း– ၅၂၆၃၆၄၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် ဖုန်း– ၅၃၅၀၂၉နှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်ငွေ ဖုန်း–၂၂၁၇၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နှစ်ဖက်သောမိဘများနှင့် ဇနီး ဒေါ်ဒီ တို့အား ရည်စူး၍ ရန်ကုန်တိုင်းဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၁၆၅/၆နေ ဦးလှစိန်နှင့် သားသမီး တို့က ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် နှစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

## မင်းကင်းကျောင်းတိုက်၌ သက်ကြီးပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်း မင်းကင်းကျောင်းတိုက်မှ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကို(၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင် ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း–၅၅၆၆၃၃ နှင့် ၀၉–၅၁–၂၆၈၂၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် သံလွင်လမ်း အမှတ် ၁၃၃ နေအိမ်တွင် (ဒေါက်တာ ချန်တိတ်)၊ဇနီးဒေါ်ခင်ဖွား မိသားစုက လှိုင်မြို့နယ်မေတ္တာဝါဒီ ဟင်္သာတ (ပရဟိတ)ကျောင်းတိုက်ရှိဆရာတော်၊ သံ ဃာ တော်၊ ကိုရင်နှင့် ကျောင်းသားများအတွက် ထာဝရ ပစ္စည်းလေးပါး ငွေပဒေသာပင်ကျပ်သိန်း ၅၀ကို မေတ္တာဝါဒီဆရာတော် ဘဒ္ဒန္တ သီလာနန္ဒထံ ဇူလိုင် ၁၅ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

## ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် ဇူလိုင် ၁၉**

ဟိန္ဒူမိသားစုများ စုပေါင်း၍ ကမ္ဘာအေးကုန်းမြေကျောင်းဆောင်သစ်တွင် သီတင်းသုံးတော်မူကြကုန်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သံဃာတော် ၄၇၂ပါးတို့အား တစ်နေ့တာဆွမ်းဆက်ကပ်ခြင်းနှင့်ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ရက် (သြဂုတ် ၅ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် မိုးကုတ်ဆွမ်းစားကျောင်း ကမ္ဘာအေးကုန်းမြေ၌ ကျင်းပမည် ဖြစ်သည်။

**လှူဒါန်းနိုင်**

ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၁၂၀၀၀၊ ဆွမ်းအတွက် အနည်းဆုံး ငွေကျပ် ၈၀၀၀ကို ဇူလိုင် ၂၈ရက် နောက်ဆုံးထား၍ ဦးကြည်မင်း ဖုန်း– ၅၂၅၁၆၅၊ ဦးသိန်းလွင် စန္ဒီပုံနှိပ်တိုက် အမှတ် ၈၄(ဘီ) ၃၁လမ်း ရန်ကုန်မြို့ ဖုန်း– ၂၄၂၇၅၁နှင့် ဖုန်း –၂၄၅၆၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဇူလိုင်၁၄ရက်က တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မဒါနလမ်းနှင့် ဘုန်းတော်ကြီး ကျောင်းဝင်းများအတွင်းရှိ ရေမြောင်းများနှင့် ချုံနွယ်များကို မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သူတို့ ဦးဆောင်သော စည်ပင်ဝန်ထမ်းများနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ (မြန်မာ့အလင်း)

## မြို့နယ် သတင်းများ



## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
## မြစ်ကြီးနားတက္ကသိုလ်–မြစ်ကြီးနားမြို့
## သတ္တမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြစ်ကြီးနားတက္ကသိုလ်၏ သတ္တမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပမည်ဖြစ်ပါသဖြင့် မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်နှင့် ပေါင်းစည်းထားသော ဗန်းမော်တက္ကသိုလ်နှင့် မိုးညှင်းဒီဂရီကောလိပ်တို့မှ ၂၀၀၅–၂၀၀၆ပညာသင်နှစ်အတွက်–

၂၀၀၆ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်ကျင်းပခဲ့သော

- (က) ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၀၃)အောင် စာမေးပွဲအောင်မြင်သူများ (နောက်ဆက်တွဲစာမေးပွဲ အောင်မြင်ပြီးသူများအပါအဝင်)
- (ခ) ဥပဒေဘွဲ့ (၂၀၀၂)အောင် စာမေးပွဲအောင်မြင်သူများ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများအပါအဝင်)
- (ဂ) ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) (၂၀၀၂)အောင် စာမေးပွဲအောင်မြင်သူများ
- (ဃ) မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(၉၇)အောင် စာမေးပွဲအောင်မြင်သူများ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများအပါအဝင်)
- (င) မဟာသုတေသန စာမေးပွဲအောင်မြင်သူများ

၂၀၀၆–၂၀၀၇ပညာသင်နှစ်–

မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(၉၆၊၉၇၊၉၈)အောင် စာမေးပွဲအောင်မြင်သူများ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများအပါအဝင်)

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့ လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင်လျှောက်လွှာ ပုံစံများကို ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနမှ ဝယ်ယူဖြည့်စွက်ပြီး **၁–၈–၂၀၀၇ရက်(ဗုဒ္ဓဟူးနေ့)မှ ၂၈–၉–၂၀၀၇ရက်(သောကြာနေ့)အထိ** စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် သုံးလအတွင်း ရိုက်ကူးထားသော (၁" X ၁ $\frac{၁}{၂}$") ဓာတ်ပုံ(၃)ပုံနှင့်အတူ လျှောက်ထားတင်သွင်းနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် (၁၅၀၀ိ/–) ဖြစ်ပြီး အဝေးရောက်ဘွဲ့ယူသူများအတွက် (၁၀၀၀ိ/–)ဖြစ်ပါသည်။

၄။ စာတိုက်မှပေးပို့သည့်အခါ ငွေပို့လွှာတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"** ဟုဖော်ပြပြီး ပါမောက္ခချုပ် မြစ်ကြီးနားတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ် အောင်မြင်သည့် ခုနှစ်၊ လ ပညာသင်နှစ် အထူးပြုဘာသာ တက်ရောက်သည့်တက္ကသိုလ် ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာ အပြည့်အစုံကို တိကျစွာ ဖော်ပြရပါမည်။

၅။ ၂၀၀၆ခုနှစ် စက်တင်ဘာလမတိုင်မီက ဘွဲ့ရစာမေးပွဲ အောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူတင်သွင်းရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားလက်မှတ်မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည် ဖြစ်ပါသည်။

၇။ တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**ဗိုလ်တင်**
**ဌာနမှူး(သင်တန်းရေးရာ)**
**မြစ်ကြီးနားတက္ကသိုလ်**
**မြစ်ကြီးနားမြို့။**

## ကမ္ဘာအေးစွန်းလွန်းဝါဆိုသင်္ကန်းကပ်ပွဲ

၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (၂၉–၇–၂၀၀၇)ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် ကမ္ဘာအေးစွန်းလွန်း ဆရာတော် အရှင်ဝိနယ အမှူးရှိသော ဝါဆိုသံဃာတော်တို့အား ယောဂီများစုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။ **ကမ္ဘာအေးစွန်းလွန်းပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၇၄၁၃ Honda C-90 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းညီညီတင် ၉/ခအဇ(နိုင်) ၀၁၂၄၈၅ နှင့် ယာဉ်အမှတ် ယ/၅၉၆၈၇ Honda C-90 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၉/မသန(နိုင်) ၀၈၃၁၉၃တို့က ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၃၈၈ဟွန်ဒါ C-90 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်းစိုး ၉/ခအဇ (နိုင်) ၀၂၄၀၁၉နှင့် ယာဉ်အမှတ် ၁ယ/၃၁၇၁၄ ဟွန်ဒါ C-90 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းမိုး(ခ)ဦးဇော်မင်းဦး ၉/မနမ(နိုင်) ၀၃၄၂၂၈ တို့က (ကမ–၃)စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

## ဦးဥက္ကာသွင် ၁၂/မရက(နိုင်)၁၁၇၂၄၂ နှင့် သက်ဆိုင်သူများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက် ဓမ္မာရုံလမ်းသွယ် အမှတ် (၉၅–ဂ)နေ ဦးစောဌေးမွန် ၁၂/ရကန (နိုင်) ၀၀၁၁၇၇ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးစောဌေးမွန်ပိုင် နေအိမ်အခန်းအား ၇–၁–၂၀၀၇ရက်မှ ၇–၇–၂၀၀၇ရက်အထိ ဦးဥက္ကာသွင်က ငှားရမ်းခဲ့ပါသည်။ ယခုအခါ ငှားရမ်းသည့်သက်တမ်းကုန်ဆုံးပြီးဖြစ်၍ ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ယင်းနေအိမ်ခန်းပေါ်ရှိ ဦးဥက္ကာသွင်ပိုင် ပစ္စည်းများ လာရောက်ယူဆောင်ရန်နှင့် ဦးစောဌေးမွန်နှင့် ဦးဥက္ကာသွင်တို့ ရှင်းလင်းရန်ရှိသည့် ငွေကြေးကိစ္စများ လာရောက်ရှင်းလင်းရန် အသိပေးအပ်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဦးစောဌေးမွန်၌ တာဝန်ရှိမည်မဟုတ်ဘဲ အိမ်ခန်းပေါ်ရှိ ပစ္စည်းများအား သင့်တော်သလို စီမံခန့်ခွဲသွားမည်ဖြစ်ကြောင်း လူကြီးမင်းသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောဌေးမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထင်လင်းနိုင် (LL.B,D.B.L)**
**တရားရုံးချုပ်ရှေ့နေ (စဉ်–၇၁၁၂)**
**အခန်းအမှတ် (004-B)၊တိုက်အမှတ် (၉/၁၁)**
**၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၃၈၅၅၉၄၊ ၃၈၆၉၈၃။**

## ခြံရောင်းမည်

ဘောက်ထော် သုခိတာလမ်း၊ အိမ်အမှတ် ၅

**တိုက်ခန်းရောင်းမည်**

ဦးချစ်မောင်လမ်း(ပုလဲလမ်း)၊ အိမ်အမှတ် ၁၅၊ ကျိုက္ကဆံရပ်ကွက်၊

**ဆက်သွယ်ရန်ဖုန်း– ၀၉–၅၁–၅၃၆၄၄၊ ၀၉–၅၁–၄၀၆၀၇၊ ၀၉–၅၁–၉၆၉၄၅၊ ၀၁–၆၉၅၂၀၇။**


HARD BODY
Male & Female Fitness Centre
* အားကစားပစ္စည်းအမျိုးမျိုး အထူးအော်ဒါ လက်ခံသည်။ *
I – Tel : 01-513109
II – Tel : 01-513109
III – MICT Park Tel : 01-701387
7000–15000

ရုပ်ပျို တိုင်းရင်းဆေး
ချောင်းဆိုးရောဂါ ဆေးပြား
ထုတ်လုပ်ခွင့်လိုင်စင်


## ဝဥမှုန့်ကြိတ်စက်ရုံရောင်းမည်

ရန်ကုန် ပြည်လမ်းမပေါ်ရှိ မိုင်တိုင်–၂၄/၆၊ ကိုးလုံးကွင်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ (၂ ဒသမ ၁၀)ဧက၊ မီး(၃၁၅) KVA၊ ရေ၊ ဖုန်းနှစ်လုံး၊ အဆောက်အအုံ (၆၀' X ၆၀') ၊ (၂၀၀' X ၈၀')။

### စက်ရုံရောင်းမည်

မှော်ဘီ၊ ဝါးနက်ချောင်းလမ်းမကြီးဘေး၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ မှော်ဘီမြို့နယ် (၁ ဒသမ ၅၉)ဧက၊ ရေ၊ ဖုန်းတစ်လုံး၊ လန(၃၉)ကျပြီး၊ ကွန်ကရစ်အပြည့်ခင်းထားပြီး၊ အဆောက်အအုံ (၆၀'X၆၀') ၊ (၆၄'X၁၂၈')၊ (၄၈' X ၁၂၈' ) သောက်ရေသန့်ထုတ်ရန်သင့်တော်သည်။ ရေကောင်းကြောင်းစမ်းသပ်ပြီး။

**ဆက်သွယ်ရန်ဖုန်း– ၂၄၀၀၈၈၊ ၃၇၈၉၈၅ (ရုံးချိန်အတွင်း)။**

### မိခင်အမည်မှန်

အထက တာချီလိတ် ပဉ္စမတန်း(ဆ)မှ မောင်စိုင်းဝန်းထောင်း၏ မိခင်အမည်မှန်မှာ ဒေါ်နန်းခင်ထွေး ၁၃/ကတန(နိုင်)၀၂၃၀၉ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

အဖ ဦးအောင်သန်းထွန်း၏သား အထက(၆) စစ်တွေ ဆဋ္ဌမတန်း(B)မှ မောင်ရဲမင်းကျော်အား မောင်ရဲမင်းကိုဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရဲမင်းကို။**

### မွေးသက္ကရာဇ်နှင့်အမည်မှန်

အဖ ဦးသန်းထွန်း၏ သမီး အထက(၂) မင်္ဂလာဒုံ နဝမတန်း(G)မှ မနန်းချိုဇင်အိအိထွန်း၏ အမည်မှာ အမှန်ဖြစ်ပြီး မွေးသက္ကရာဇ်မှာ ၄–၄–၁၉၉၂ ဖြစ်ပါသည်။

### အမည်ဖြည့်စွက်ခြင်း

ဦးငြိမ်းအောင်၏သမီး မတင်တင်သန်း ၁၂/သကတ(နိုင်)၀၃၆၁၂၈ အား မတင်တင်သန်း(ခ) မနွယ်နီသန်းဟု ဖြည့်စွက်ခေါ်ပါရန်။

**မတင်တင်သန်း(ခ)မနွယ်နီသန်း။**

### ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ် အထက(၅) သတ္တမတန်း(ဂ)မှ မောင်းကိုကိုဦး(ခ) မောင်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး ဖြစ်ပါသည်။ **ဦးကျော်ကျော်ဦး ၁၂/မရက(နိုင်)၀၆၆၄၀၈။**

### အမည်ပြောင်း

အဖ ဦးအောင်ကြည်ဝင်း ၁၂/သကတ (နိုင်) ၁၁၅၃၄၁ ၏သား ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပထမနှစ် ရက္ခဗေဒမှ မောင်ဖြိုးပိုင်နောင်အား မောင်ခန့်မင်းကိုကိုဟုပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်မင်းကိုကို။**

# ၂၀၀၇ ခုနှစ် နှစ် (၆၀) ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပ

# နိုင်ငံတော်ကိုယ်စား အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ လွမ်းသူ့ပန်းခွေချ အလေးပြု

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၀၇ ခုနှစ် နှစ် (၆၀)ပြည့် အာဇာနည်နေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်ကိုယ်စား ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်း၊ မေတ္တာပို့ အမျှပေးဝေခြင်းများ ဆောင်ရွက်သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ✻





**နိုင်ငံတော်ကိုယ်စား ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ အလေးပြုကြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ကိုယ်စား ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချကြစဉ်။** (သတင်းစဉ်)

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပြိုင်ပွဲများကျင်းပလျက်ရှိ စီးပွား/ကူးသန်းနှင့် သစ်တောရေးရာအသင်းတို့ ပေါင်းလောင်းကွင်း၌ ယနေ့ယှဉ်ပြိုင်ကစားမည်

**နေပြည်တော် ဇူလိုင် ၁၉**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၁၇ ရက်မှ စတင်ကျင်းပခဲ့ရာ ဇူလိုင် ၂၀ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ (ခခ)အုပ်စုမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

### ကွာတားဖိုင်နယ်ပွဲ

ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ဩဂုတ် ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

### တတိယနေရာလုပွဲ

အကြိုဗိုလ်လုပွဲများကို ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် နေပြည်တော် အားကစားကွင်း(၁)၌ ကျင်းပမည်ဖြစ်ပြီး တတိယနေရာလုပွဲကို ဩဂုတ် ၂၃ ရက်တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

### နောက်ဆုံးဗိုလ်လုပွဲ

နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက်တွင် နေပြည်တော်အားကစားကွင်း(၁)၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင် ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ရွာမြဲထက်ပိုမည်

**နေပြည်တော် ဇူလိုင် ၁၉**

ဇူလိုင်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။ မုတ်သုံလေအားပြတ်ခြင်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။

### မိုးအခြေအနေ

ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် စင်တီမီတာ ၂၁၀ (ခုနစ်ပေ)ခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် စင်တီမီတာ ၁၅၀ (ငါးပေ)ခန့်နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် စင်တီမီတာ ၁၂၀ (လေးပေ)ခန့် လက်ရှိ ရေမှတ်များထက် မြင့်တက်လာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် စင်တီမီတာ ၂၇၀ (ကိုးပေ)ခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် စင်တီမီတာ ၂၁၀ (ခုနစ်ပေ)ခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

### မိုးရွာသွန်းလေသမျှ ၁၉-၇-၂၀၀၇

| | | | | |
|---|---|---|---|---|
| ခန္တီး | ၁၁ | ဒသမ | ၅၃ | လက်မ |
| ကျောက်တော် | ၂ | ဒသမ | ၉၅ | လက်မ |
| ပဲခူး | ၂ | ဒသမ | ၄၀ | လက်မ |
| သထုံ | ၁ | ဒသမ | ၉၇ | လက်မ |